ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

**မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)**

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 27 February 2019 ၉၅၇၅

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဗဟိုကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

## ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင် ၂၀၀ ကျော် ပါဝင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာပြပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးတွင် ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်ပေါင်း ၂၀၀ ကျော် ပါဝင်ကြမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် နိုင်ငံတကာပြပွဲကြီးကို မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း ပြပွဲစီစဉ်ကျင်းပသည့် Silver Sea International Ltd မှ သိရသည်။

**ရည်ရွယ်ကျင်းပ**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏ လူအများစုလုပ်ကိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့၊ သားပေါက်နှင့် ဆေးဝါးများကို မိတ်ဆက်သိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ရှိ Lotte Hotel တွင် ဖေဖော်ဝါရီ ၂၆ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**စီစဉ်ထား**

“ကျွန်တော်တို့ အခုမှ စတင်ပြီးတော့ စီစဉ်နေတုန်းပါ။ လက်ရှိမှာ တရုတ်ကုမ္ပဏီတစ်ခု Agent ပေးထားတယ်။ အဲဒီ ကုမ္ပဏီက ခြောက်ခု လာပြမယ်။ စိုက်ပျိုးရေး စက်ပစ္စည်းတွေပါမယ်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ❒**

ကြေးမုံ **သတင်း အညွှန်း**

**ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ကျင်းပသည့် ဆောလျင်စွာ ရှေ့နေရပိုင်ခွင့် အမျိုးသားအဆင့်စကားဝိုင်း ကျင်းပ**
စာမျက်နှာ » ၆

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီရှစ်ခု၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်း**
စာမျက်နှာ » ၉

**ဝါရှင်တန်-ပြုံယမ်း ထိပ်သီးအစည်းအဝေးပွဲ တက်ရန် ခေါင်းဆောင်ကင် ဟန္နွိုင်းမြို့သို့ ရောက်ရှိ**
စာမျက်နှာ » ၁၂

ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
CB BANK
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

# ကြေးမုံ

## သဘာဝဘေးကင်းဝေးရေး စုပေါင်းကျော်လွှား

ပြည်သူများအနေဖြင့် သဘာဝဘေးကို နှစ်စဉ် တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့ကြရသည်။ လတ်တလောတွင် ဆောင်းအကုန် နွေအကူး ဖြစ်ပေါ်တတ်သော သဘာဝဖြစ်စဉ်မှာ ဒေသအချို့တွင်ဖြစ်ပေါ်ခဲ့သည်။ များသောအားဖြင့် မိုးသက်မုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှု ဖြစ်စဉ်အချို့ရှိသည်။ မည်သည့် သဘာဝဘေးအန္တရာယ်ဖြစ်စေ လက်တွဲညီညီ ကြိုတင်ပြင်ဆင်စီမံ၍ ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ကြုံတွေ့ရသည်။ အထူးသဖြင့် ရေကြီးရေလျှံမှုအန္တရာယ်ကို အနည်းနှင့်အများဆိုသလို ကြုံတွေ့ရသည်။ မှတ်မှတ်သားသားဆိုရလျှင် နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ပြီးနောက်ပိုင်းတွင် သဘာဝဘေးအမျိုးမျိုးမှာ တစ်နှစ်တစ်မျိုး ပုံမှန်ကဲ့သို့ဖြစ်လာသည်။ သဘာဝဘေးအန္တရာယ်များသည် ပုံမှန်ကဲ့သို့ သက်ရောက်မှုရှိလာသဖြင့် စုပေါင်းအင်အားဖြင့် တုံ့ပြန်ဆောင်ရွက်ကြရန် တာဝန်ရှိပေသည်။

သဘာဝဘေးဖြစ်ပွားရသည့် အကြောင်းရင်းများတွင် ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ လူတို့နေထိုင်မှုပုံစံများ တိုးတက်ပြောင်းလဲလာမှုတို့ကြောင့်ဖြစ်ပြီး အဓိကမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကြောင့် ဖြစ်လာရသည်မှာ သေချာသည်။ ထို့ကြောင့် သဘာဝဘေးလျော့နည်းကျဆင်းရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြပြီး သဘာဝဘေးနှင့် ကြုံတွေ့ရပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားပြီး ကော်မတီ၏လမ်းညွှန်မှုဖြင့် သဘာဝဘေးအမျိုးအစားအလိုက်၊ ကဏ္ဍအလိုက်၊ အဆင့်အလိုက်၊ ပြင်းအားအလိုက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက စီမံဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးဖြစ်ပေါ်လာမှုအခြေအနေအလိုက် စီမံခန့်ခွဲမှု၊ ရှာဖွေကယ်ဆယ်မှု၊ ထောက်ပံ့ပို့ဆောင်မှု၊ ဆက်သွယ်ဆောင်ရွက်မှု စသည်တို့ကို ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများပါ ပူးပေါင်းညှိနှိုင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်။

သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ယခင်အတွေ့အကြုံများအပေါ် သင်ခန်းစာယူဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော တုံ့ပြန်မှုများ လိုအပ်သည်။ အနီးစပ်ဆုံးအနေဖြင့် ယမန်နှစ် ရေဘေးဖြစ်ပွားရသည့်အခြေအနေများနှင့် ယခုနှစ်ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက မထင်မှတ်ထားသော ရုတ်တရက်ဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရသော်လည်း အရေးပေါ်ချက်ချင်း အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်သည့် ကောင်းမွန်သော ဆောင်ရွက်ချက်များကို တွေ့ရသည်။ ယင်းအပေါ်တွင်အခြေခံ၍ အလားတူဖြစ်စဉ်မျိုးကြုံတွေ့ပါက ပိုမိုကောင်းမွန်သည့် တုံ့ပြန်မှုမျိုးရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံအတွင်း စုစည်းညီညွတ်မှုအင်အားများဖြစ်သည့် အဖွဲ့အစည်းများ၊ ပြည်သူများ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်မည်ဖြစ်သည်။ ပေါ်ထွက်လာသည့် ညီညွတ်မှုအင်အားကို ဆက်လက်ထိန်းသိမ်းထား၍ နောင်ကာလများအတွက် ကြိုတင်စုဖွဲ့ထားခြင်း၊ ချိတ်ဆက်ရမည့် ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ထားရှိခြင်း၊ လုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်ထားရှိခြင်း၊ စီမံချက်များရေးဆွဲပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်းနှင့် အရေးပေါ်ရန်ပုံငွေများ စနစ်တကျသုံးစွဲခြင်းတို့ကို စီစဉ်ထားရှိခြင်းဖြင့် သဘာဝဘေးကို တုံ့ပြန်ကျော်လွှားရမည်ဖြစ်သည်။

သဘာဝဘေးဟူသည် ရှောင်လွှဲ၍မရနိုင်သော ဘေးအန္တရာယ်ဖြစ်သည်။ ယခုအခါ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အဓိကအလေးအနက်ထား လိုက်နာဆောင်ရွက်ရမည့် အချက် ၁၀ ချက်ကို ချမှတ်ပေးထားပြီးဖြစ်၍ သဘာဝဘေးမဖြစ်မီ၊ ဖြစ်စဉ်၊ ဖြစ်ပြီးကာလများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင်လူမှုရေးအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းလက်တွဲ၍ ကြုံတွေ့လာမည့် သဘာဝဘေး တစ်မျိုးမဟုတ် တစ်မျိုးမျိုးကို ရင်ဆိုင်တုံ့ပြန်ကျော်လွှားနိုင်ရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥပဒေဆိုင်ရာစာတမ်းဖတ်ပွဲအခမ်းအနား တက်ရောက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေဆိုင်ရာ ဗဟုသုတများ ရရှိနိုင်ရေးအတွက် ဥပဒေဆိုင်ရာ စာတမ်းဖတ်ပွဲ (Law Symposium) ကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ကြီးဌာနများအလိုက် ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ (Legal Advisory Unit) များကို ပိုမိုအားကောင်းအောင် ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်ထားကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ လေ့လာဆန်းစစ်၍ အကြံပြုချက်များ တင်ပြနိုင်ရေးနှင့် ကုန်သွယ်ရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာအထောက်အကူပြုနိုင်မည့် ဥပဒေဆိုင်ရာအကြံပြုချက်များ ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာန၏ ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းပေးထားပြီး ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး နားလည်တတ်ကျွမ်းသော ဥပဒေပညာရှင်များ၏ ဆွေးနွေးချက်များကို လေ့လာဆည်းပူးပြီး မိမိဝန်ကြီးဌာနမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲဥပဒေများကို အခြေခံကာ ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်နှင့် စီးပွားရေးကျင့်ဝတ်လိုက်နာသော စီးပွားရေးဝန်းကျင်များ ဖြစ်ပေါ်လာနိုင်ရေးအတွက် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဥပဒေပညာရှင် ဦးကျော်ဆန်းက ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးနဲမြို့နယ်၌ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ပေးအပ်



**မိုးနဲ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ သန်းတစ်ရာ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ် ကမ္ဘောဇခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်က လုပ်ငန်းခေါင်းစဉ်အလိုက် ရန်ပုံငွေများအား မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီများမှ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြသည်။

မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ သန်းတစ်ရာဖြင့် ပြည်သူများ သောက်သုံးရေရရှိရန်အတွက် ရေရရှိရေးလုပ်ငန်း လေးခုကို ငွေကျပ်သိန်း ၂၀၀ ဖြင့်လည်းကောင်း၊ လမ်းလုပ်ငန်း ၁၄ ခုအတွက် ငွေ ၆၄၅ သိန်းဖြင့်လည်းကောင်း၊ တံတားလုပ်ငန်း ခြောက်ခုအတွက် ငွေ ၁၅၅ သိန်းဖြင့်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်(ရွှေဈေး) ၁၀၇၁၅၀၀ - ၁၀၇၁၅၀၀ မန္တလေး(ရွှေဈေး) ၁၀၇၁၅၀၀ - ၁၀၇၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၂၅ ကျပ် | ၉၂၅/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၅/၈၃၀ ကျပ် | ၈၇၀/၈၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၃၅ ကျပ် | ၇၇၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၃၅ ကျပ် | ၉၄၀/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၉.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၅.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၈၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၅၄၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃.၁၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၀.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၉၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၅.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၅.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁ ရက်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

❂ ရှေ့ဖုံးမှ

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတို့၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများအပေါ် အမြန်ဆုံး စွန့်လွှတ်လွှဲပြောင်းနိုင်ရေးအတွက် မူဝါဒလုပ်ငန်းစဉ် ၅၂ ချက်ကို အောက်ခြေအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်စေရေး စီမံဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များနှင့် မိမိတို့အဖွဲ့ ခရီးစဉ်များတွင် ပြည်သူတို့၏ လိုလားချက်များနှင့် မြေသိမ်းခံတောင်သူတို့၏ တင်ပြချက်များကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အမြန်ဆုံးစိစစ်**

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ လယ်ယာမြေများနှင့် တောင်သူလယ်သမားများသည် နိုင်ငံ၏အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ နိုင်ငံ၏ပုံရိပ်တစ်ခုဖြစ်သော မြေယာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉) ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေများပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးရေး ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်အကြီးအကဲများထံ လစဉ်တင်ပြလျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှုတင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများမှာ တရားစွဲဆိုခံနေရခြင်းနှင့် ရရှိထားသည့်လုပ်ငန်းရှင်များကလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်တင်သွင်းသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရများက တရားပြိုင်အဖြစ် ချေပနေရခြင်းများ ရှိလာပါ၍ နိုင်ငံတော်၏မူဝါဒနှင့်အညီ အမြန်ဆုံးစိစစ်ရန် ဟူ၍ လမ်းညွှန်မှာကြားထားရှိပါကြောင်း။

**အထူးအလေးထားမှာကြား**

နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ကို ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်အဖြစ်ခံယူပြီး နောက်ဆုံးပြင်ဆင်သတ်မှတ်ထားသည့် မူဝါဒ ၅၂ ချက်နှင့်အညီ ထိထိရောက်ရောက် လျင်မြန်စွာ စီမံဆောင်ရွက်ပေးကြရန် အထူးအလေးထား မှာကြားလိုပါကြောင်း။

လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်အနေဖြင့် မြေကိစ္စတိုင်ကြားစာများအပေါ် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဗဟိုကော်မတီ၏မူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်မှုမရှိခြင်း၊ အထောက်အထားမှတ်တမ်းမှတ်ရာများ ပြည့်စုံစွာတင်ပြမှုမရှိခြင်းတို့ကြောင့် ဗဟိုကော်မတီက ပြန်လည်စိစစ်ရန်ပေးပို့ရသည့် အမှုတွဲများကိုလည်း တွေ့ရှိရပါကြောင်း၊ ယခုအခါ ဝန်ကြီးဌာနများအသုံးပြုရန် မလိုအပ်သောမြေများကို ပြန်လည်စွန့်လွှတ်ပေးအပ်လျက်ရှိရာ စွန့်လွှတ်သည့်ရည်ရွယ်ချက်မှာ မူလပိုင်ရှင်ထံ ပေးအပ်ရန်၊ ပိုလျှံပါက နိုင်ငံတော်မြေအဖြစ် အရန်ထားရှိရန်နှင့် အခြားလိုအပ်သော ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရန်တို့ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရန် မြေများနှင့်ပတ်သက်၍ လွှဲပြောင်းရယူမည့် ဝန်ကြီးဌာများအနေဖြင့် မြေလွှဲကိစ္စရပ်များပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

**အကျိုးရှိအောင်အသုံးပြု**

ပိုလျှံအပ်နှံ၍ နိုင်ငံပိုင်မြေအဖြစ် သတ်မှတ်ထားသည့် မြေများကို အများပြည်သူ အကျိုးရှိအောင် အသုံးပြုရန်နှင့် အသုံးမပြုပါက သေချာစွာ စာရင်းရေးသွင်းထိန်းသိမ်းထားရှိရန်ဖြစ်ပါကြောင်း၊ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းသည့်မြေများတွင် အချို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ စွန့်လွှတ်ထားပြီးဖြစ်သော်လည်း ကာယကံရှင် လက်ဝယ်သို့ ရောက်ရှိရေးတွင် အချိန်ကြန့်ကြာနေမှုများ၊ ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိခြင်းမရှိဘဲ အခြားသူထံသို့ ပေးအပ်ထားခြင်းများ၊ မူလလက်ငုတ်နှင့် လက်ရှိလက်ငုတ် အငြင်းပွားနေမှုများ ဖြစ်ပွားနေသည်ကိုလည်း စိစစ်တွေ့ရှိနေရမှုများကြောင့် အမှုတွဲများ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီဥက္ကဋ္ဌများအနေဖြင့် အောက်ခြေ စိစစ်တွေ့ရှိချက်များနှင့် မြေပြင်ပကတိအခြေအနေကွဲလွဲမှုမရှိစေရေးအတွက် ကွင်းဆင်းစိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများကိုအဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်သွားကြရမည်ဖြစ်ပါကြောင်း။

**ဖြေရှင်းဆောင်ရွက်**

ဗဟိုကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာအမှုတွဲပေါင်း ၇၁၁၉ မှု ရှိပြီး သက်ဆိုင်ရာကော်မတီများသို့ စိစစ်ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားရာ ဗဟိုကော်မတီ စိစစ်မှုအရ တိုင်ကြားစာအမှုတွဲ ၃၁၆၈ မှုကိုသာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့် တိုင်ကြားစာ ၃၉၅၁ မှုကို ပိုမိုအလေးထားဖြေရှင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများသို့ တိုက်ရိုက်တိုင်ကြားသော တိုင်ကြားစာအမှုတွဲများကို ဖြေရှင်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများနှင့် ယခင် ပြည်ထောင်စုလွှတ်တော်သက်တမ်းတွင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ တိုင်ကြားစာများနှင့်ပတ်သက်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှဲပြောင်းပေးပို့ထားသည့် စိစစ်တွေ့ရှိချက် အစီရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကိုလည်း ဆွေးနွေးကြစေလိုပါကြောင်း။

**သတင်းထုတ်ပြန်ကြေညာ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တင်ပြလာသည့်မြေကိစ္စရပ်များကို ဆောလျင်စွာဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များ သီးခြားအစည်းအဝေးများ ပြုလုပ်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုအခြေအနေများကို ပြည်သူများ သိရှိနိုင်ရေးအတွက် သတင်းထုတ်ပြန်ကြေညာပေးသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့် အစည်းအဝေးများကျင်းပခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်လတစ်ကြိမ် အစည်းအဝေးကို မဖြစ်မနေပြုလုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အားကိုးယုံကြည်**

အစည်းအဝေးများ ပြုလုပ်ရာတွင် အဆင့်ဆင့်သော ကော်မတီများကို နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များနှင့် နိုင်ငံတော်၏ မူဝါဒများကို အလေးအနက် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဗဟိုကော်မတီက ချမှတ်ခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် မူဝါဒလမ်းညွှန်ချက်များကို အလေးအနက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားကြမှသာ ပြည်သူလူထုနှင့် မြေသိမ်းခံတောင်သူတို့က မြေယာနှင့်ပတ်သက်၍ ပိုမိုအားကိုးယုံကြည်လာမည်ဖြစ်ပါကြောင်း။

ကော်မတီများအနေဖြင့် အောက်ခြေအဆင့်အထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ထားရန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေနိုင်ရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုသိမြင်နိုင်ရန် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ မြေပြင်တွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဗဟိုကော်မတီမှ ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ဗဟိုကော်မတီပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများ၊ ဗဟိုကော်မတီ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဗဟိုကော်မတီ၏ မူဝါဒ ၅၂ ချက်ပါ လမ်းညွှန်ချက်များနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**



## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ ရဲတပ်ဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရ ရဲတပ်ဖွဲ့မှ Chief Superintendent Mr. Ronny Chan Man-tak နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဟောင်ကောင်ရဲတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲလေ့ကျင့်ရေးအရာရှိချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ယင်းနောက် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ တွင် တင်သွင်းခဲ့သော သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၏ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်တွင် ဘွဲ့ရပြီးသော လူငယ်များအတွက် ဘွဲ့လွန်သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းသည့်အဆိုနှင့်စပ်လျဉ်း၍ အမည်စာရင်း တင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦးက ၎င်းအဆိုကို ထောက်ခံဆွေးနွေးကြပြီး မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အစိုးရအဖွဲ့၏ သဘောထားအရ ယင်းအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆိုတင်သွင်းသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက အစိုးရအဖွဲ့အနေဖြင့် မှတ်တမ်းတင်ခြင်းအစား လွှတ်တော်သို့ တိုက်တွန်းသည့် အဆိုအားအတည်ပြုပေးရန် တင်ပြရာ ပြည်နယ်လွှတ်တော်က ယင်းအဆိုအား အတည်ပြုရန်အတွက် ဖြောင့်စနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာ ၁၂ မဲ ရှုံးမဲဖြင့် ယင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

**ခရိုင်(ပြန်/ဆက်)**



ကြေးမုံ



# ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉစ္စာရင်လိုဉစ္စာရင်ခဲ ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ပိုမိုပြီး လက်တွေ့ဆန်

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မြင့်ထွေး



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)ဖြင့် ပြန်လည်ဖွဲ့စည်းလိုက်သည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ပထမဆုံးအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခင်က ဗဟိုကော်မတီဖွဲ့စည်းပုံတွင် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်း ကိုယ်စားပြုအဖွဲ့ဝင်နှင့် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းကိုယ်စားပြုအဖွဲ့ဝင် စုစုပေါင်း နှစ်ဦးသာပါရှိခဲ့ပါကြောင်း၊ ယခုဗဟိုကော်မတီသစ်တွင် တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းကိုယ်စားလှယ် စုစုပေါင်း ခြောက်ဦး ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အတွေ့အကြုံများနှင့် အကြံဉာဏ်များကို ရယူနိုင်မည်ဖြစ်ပြီး ယခင်ကထက် ပိုမိုပြီးလက်တွေ့ဆန်သည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးကို အထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း။

### ဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်း

ထို့ပြင် ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အသီးသီးတွင်လည်း အလားတူ တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းမည်ဖြစ်သည့်အတွက် လုပ်ငန်းရပ်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၅ နှစ်ခန့်ကျင့်သုံးခဲ့သည့် ဥပဒေအဟောင်းသည် ထိုအချိန်ကာလ၏ အခြေအနေတောင်းဆိုမှုအရ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို အစိုးရအဖွဲ့ကသာ စီမံခန့်ခွဲဆောင်ရွက်နေရာမှ ပုဂ္ဂလိကကဏ္ဍကို လုပ်ငန်းလုပ်ကိုင်ခွင့်များ ခွင့်ပြုရန်ဆိုသည့် အဓိကဦးတည်ချက်ဖြင့် ရေးဆွဲခဲ့သည့်ဥပဒေဖြစ်ပါကြောင်း၊ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အခြေအနေနှင့် Decentralization စနစ်အရ ပြည်ထောင်စု၏ စီမံခန့်ခွဲမှုကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို Power Sharing အရ ခွဲဝေစီမံခန့်ခွဲမှုပြုနိုင်ရန် အဓိကဦးတည်ပြီး ယခုဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်

ယခုဥပဒေအသစ်တွင် မူဝါဒများနှင့် စီမံကိန်းလုပ်ငန်းလမ်းညွှန်ချက်များ ညှိနှိုင်းချမှတ်ရန် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ခရီးသွားလုပ်ငန်းကော်မတီကိုလည်းကောင်း၊ ယခင်က ဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် ဒေသအလိုက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အစိုးရဌာနများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဒေသအလိုက်ခရီးသည်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကိုလည်းကောင်း ကော်မတီ သုံးရပ်ဖွဲ့စည်းဆောင်ရွက်သွားရန် ပါရှိပါကြောင်း။

### နိုင်ငံတကာအဆင့်မီ

ထို့ကြောင့် ယင်းဥပဒေသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကထက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိလာစေမည်ဖြစ်ပြီး မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ဝန်ကြီးချုပ်များအနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍကို ယခင်ကထက်ပိုပြီး ထဲထဲဝင်ဝင်သိရှိကာ မိမိလုပ်ငန်းနယ်ပယ်နှင့် မိမိဒေသအလိုက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉစ္စာရင်လိုဉစ္စာရင်ခဲ ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်ကွပ်ကဲစီမံခန့်ခွဲသည့် ကိစ္စရပ်များအား ခွဲဝေပေးလိုက်သော်လည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ အရည်အသွေးအဆင့်အတန်းများကို နိုင်ငံတကာအဆင့်မီရန် လိုအပ်သည့်စံနှုန်းများ၊ လုပ်ငန်းလိုအပ်ချက်များ ချမှတ်ရေး၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီချမှတ်နိုင်ရေး၊ မြန်မာနိုင်ငံခရီးစဉ်ဒေသကို ကမ္ဘာ့ပေါ်တွင် ပိုမိုထင်ရှားပေါ်လွင်သိရှိအောင် မြှင့်တင်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစသည်တို့ကို ပိုမိုအလေးထားလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ သတိပေးလိုသည်မှာ ယခုဥပဒေအသစ်အရ လုပ်ငန်းများကို လွှဲပြောင်းပေးနေသည့် ကနဦးကာလနှင့် နည်းဥပဒေ၊ အမိန့်များ ရေးဆွဲထုတ်ပြန်ရန် ဆောင်ရွက်နေသည့် ကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသကော်မတီများက လုံးလုံးလျားလျား မဆောင်ရွက်နိုင်သေးသည့် ကာလအတွင်း လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

### ဗီဇာဖြေလျှော့ပေး

ယနေ့ အစည်းအဝေးတွင် ဒေသဆိုင်ရာ ခရီးသွားကော်မတီများက လျင်မြန်စွာ တာဝန်ယူဆောင်ရွက်နိုင်ရေးကို ဦးတည်ပြီး လိုအပ်သည့် အမိန့်များ၊ နည်းဥပဒေများ၊ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် တင်ပြကြမည်ဟု သိရပါကြောင်း၊ ထို့ကြောင့် အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမူဘောင်နှင့်အညီ ဆက်လက်ဦးစားပေး ဆောင်ရွက်ကြမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို အထူးအလေးထား ဆွေးနွေးကြစေလိုပါကြောင်း။

မြန်မာနိုင်ငံသည် အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ခရီးသွား အရင်းအမြစ်အလွန်ပေါများသော်လည်း အကြောင်းကြောင်းကြောင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် မျှော်မှန်းထားသည့် အရေအတွက်ထက် နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ပိုမိုရောက်ရှိရန်အတွက် Look East မူဝါဒချမှတ်ပြီး အာဆီယံနှင့် ဆွေးနွေးဖက်အာရှနိုင်ငံများမှ ခရီးသည်များ ပိုမိုဖိတ်ခေါ်ရန် ရည်ရွယ်ချက်ဖြင့် ဗီဇာဖြေလျှော့ပေးသည့် အစီအစဉ်များကို စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း။

### အထောက်အပံ့တစ်ခုဖြစ်

ကနဦးအနေဖြင့် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဟောင်ကောင်နှင့် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့် (Visa Exemption)နှင့် လေကြောင်းမှ လာရောက်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များကို ဆိုက်ရောက်ဗီဇာ(Visa on Arrival) ခွင့်ပြုပေးခြင်းကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယင်းအစီအစဉ်သည် အထောက်အပံ့တစ်ခုဖြစ်ခဲ့ပြီး ယင်းနိုင်ငံများက ခရီးသည်များ တိုးတက်လာရောက်ခဲ့ကာ စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်တွင် တစ်နှစ်လုံးအနေဖြင့် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၃ ဒသမ ၅၅ သန်း ဝင်ရောက် ခဲ့ပါကြောင်း၊ ယခင် ၂၀၁၇ ခုနှစ်က ဝင်ရောက်ခဲ့သည့် ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၄၄ သန်းနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၃ ဒသမ ၁၅ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ဆက်လက်ပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး

**စာမျက်နှာ ၉ သို့ ❍**

❖ ကျောဖုံးမှ

အဆင်သင့်ဖြစ်မှု အနေအထားကို မေးမြန်းခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာနမှ အချိန် (၃) လခန့်လိုအပ်ကြောင်းနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ အချိန် (၆) လခန့် လိုအပ်ကြောင်း အကြောင်းပြန်ကြားထားသည့်အတွက် အဆိုပါ ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ဘာသာရပ်ဆိုင်ရာဌာနများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည့်အချိန်ကာလနှင့် ချိန်ညှိ၍ အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို ပေးပို့နိုင်ရန် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို ၂၀၁၉ ခုနှစ် ပထမသုံးလပတ်အတွင်း ပြီးစီးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်**

စာချုပ်အသက်ဝင်ပြီးပါက စာချုပ်ဝင်နိုင်ငံများအကြား နိုင်ငံ ၁၀ နိုင်ငံ စုစည်းထားသည့် ဈေးကွက်တစ်ခုဖြစ်သည့် အာဆီယံနှင့် ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အင်အားကြီးနိုင်ငံတစ်ခုဖြစ်သော ဟောင်ကောင်(တရုတ်)တို့အကြား စီးပွားရေးဆက်သွယ်မှုများကို ပိုမိုခိုင်မာစေမည့်စာချုပ်တစ်ခုဖြစ်သည့်အတွက် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင်(တရုတ်)တို့အကြား ကုန်စည်နှင့် ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် အကျိုးကျေးဇူးများ ရရှိစေနိုင်မည့်အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ပြီး ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် ဟောင်ကောင်(တရုတ်)တို့အကြား အပြန်အလှန်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေနိုင်ပြီး မြန်မာနိုင်ငံ၏ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

**ရှင်းလင်းပြောကြား**

သို့ဖြစ်ပါ၍ အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အသက်ဝင်နိုင်ရေးအတွက် အတည်ပြုကြောင်း အကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံများအားလုံးသို့ ပေးပို့နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဆက်အောင် က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား အတည်ပြုရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အာဆီယံ- ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အာဏာသက်ဝင်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အတည်ပြုကြောင်း အကြောင်းကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ အတည်ပြုကြောင်း ပြန်ကြားရမည့် အဆိုပါစာချုပ်နှင့် ပတ်သက်သည့် ကိစ္စရပ်များသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁(က) ဇယား ၁ အပိုဒ် ၈ ပါ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များဆိုင်ရာကိစ္စရပ်နှင့် အကျုံးဝင်သဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်ဖြစ်ပါကြောင်း။

**အဆိုပြုတင်ပြ**

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်နိုင်ရန် အာဆီယံ-ဟောင်ကောင်(တရုတ်)ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အာဏာသက်ဝင်စေရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်သောကြောင့် အတည်ပြုကြောင်း အကြောင်းကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရန်အတွက် အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား လွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘော ကွဲလွဲသော **စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

**အဆုံးအဖြတ် ရယူအတည်ပြု**

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့် (သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## ၁၂ လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် တပေါင်းလအတွက် သဲပုံစေတီပွဲနှင့် သရဖီပန်း အထူးထုတ်တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၁၂)လရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ် တပေါင်းလအတွက် သဲပုံစေတီပွဲနှင့် သရဖီပန်း ၂၀၀ တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် (၁)မျိုးအား ၂၀၁၉ ခုနှစ်၊ မတ် (၆) ရက် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း(၁)ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မတ် ၆ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲတွင် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ပါဝင်ယှဉ်ပြိုင်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၉ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ACE) တို့က ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စွမ်းအင်ထိရောက်စွာ အသုံးပြုသော အဆောက်အအုံများ (Energy Efficient Building)ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ (Renewable Energy Project) ပြိုင်ပွဲ၊ အဆောက်အအုံနှင့် စက်ရုံများ၏ အကောင်းဆုံး စီမံခန့်ခွဲမှုစနစ် (Energy Management) ပြိုင်ပွဲနှင့် ကျောက်မီးသွေးအသုံးပြုသည့် စီမံကိန်းများ (Coal Awards) ပြိုင်ပွဲတို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် မိမိတို့၏ အဆောက်အအုံ၊ လုပ်ငန်းစီမံကိန်း၊ စက်ရုံ၊ ရုံးဌာနတို့၏ အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်နှင့် ၎င်း၏ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များ ဖော်ပြပြီး ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ် ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၆ နှင့် ၀၁-၅၇၉၀၃၈၊ ဖက်စ်နံပါတ် ၀၁-၅၁၉၆၈၁ နှင့် ၀၁-၆၆၅၁၉၃ တို့သို့ ဆက်သွယ်ကာ မတ် ၂၂ ရက် နောက်ဆုံးထား စာရင်းပေးသွင်း၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဦးအောင်သက်ပိုင်၊ ဖုန်း- ၀၉-၄၄၄၈၉၆၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် လမ်းပြမြေပုံ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဆိုင်ရာ၊ လမ်းပြမြေပုံ (Agroforestry Roadmap) ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန ရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ရေမြေရာသီဥတုပေါ်မူတည်ပြီး ဒေသအလိုက် သင့်လျော်သည့် နည်းစနစ်များဖော်ထုတ်ရေး၊ ကျေးလက်ပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရေး၊ ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရေးစသည်တို့အတွက် “သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဆိုင်ရာ လမ်းပြမြေပုံ”ကို ပေါင်းစပ်ညှိနှိုင်း ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများ၊ မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံ၊ ဗဟုသုတနှင့် နည်းပညာများကို အခြေခံပြီး မိမိနိုင်ငံအတွက် အကောင်းဆုံး၊ အသင့်လျော်ဆုံး သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်များ ဖော်ထုတ်ရန် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဆိုင်ရာ လမ်းပြမြေပုံ ထွက်ပေါ်လာစေရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို ဆောင်ရွက်ခြင်းဖြင့် အဓိကအကျိုးကျေးဇူးများမှာ မြေတစ်ယူနစ် ဧရိယာအတွင်းမှ သီးနှံထုတ်ကုန်အမျိုးမျိုး၊ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ စားနပ်ရိက္ခာ ဖူလုံစေခြင်း၊ ရာသီအလိုက် ဝင်ငွေရရှိစေခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်စေခြင်းနှင့် ထိန်းသိမ်းနိုင်ခြင်း၊ ရာသီဥတုမျှတစေခြင်း၊ ရေသယံဇာတ ထိန်းသိမ်းနိုင်ခြင်းနှင့် ရေကောင်းရေသန့်၊ လေကောင်းလေသန့် ရရှိစေခြင်း၊ စိုက်ပျိုးရေးသီးနှံများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ တရားရုံးမှ

ပထမ မဟာဗျူဟာ စီမံကိန်းကာလ (၂၀၁၅-၂၀၁၇)ကတည်းကပင် စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယမဟာဗျူဟာ စီမံကိန်းကာလ(၂၀၁၈-၂၀၂၂)တွင် အကောင်အထည်ဖော်ရန်သတ်မှတ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်တွင် တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ပူးပေါင်းကူညီမှုဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် Alternative Dispute Resolution (ADR)စနစ်အတွက် တရားစီရင်ရေးကဏ္ဍ၏ ဦးဆောင်အကောင်အထည်ဖော်မှုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာရုံးကိုယ်စားလှယ်အကြီးအကဲ Mr. Karasawa Masayuki က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို နိုင်ငံတစ်ဝန်းတွင် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်အကူအညီပေးမည်ဖြစ်ပြီး မြန်မာပြည်သူတို့အတွက် ထိရောက်သော အငြင်းပွားမှုဖြေရှင်းမှုတစ်ခု ဖြစ်စေလိုပါကြောင်း အဖွင့်နှုတ်ဆက်စကားပြောကြားသည်။

**ဖြေကြားဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တရားရုံးကဦးဆောင်၍ စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်နှင့် စေ့စပ်ဖြေရှင်းရေးစနစ်များအကြောင်းကို တင်ပြကြပြီး တက်ရောက်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားဆွေးနွေးသည်။

ယနေ့အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ကော်မရှင်နှင့် ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တရားသူကြီးချုပ်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ JICA မြန်မာရုံးအကြီးအကဲနှင့် JICA တရားရေးရာနှင့် ဥပဒေရေးရာစီမံကိန်းမှ တာဝန်ရှိသူများ၊ စေ့စပ်ဖြေရှင်းရေးကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရှေ့နေအသင်းများ၊ လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်ဥပဒေပညာဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ၊ တရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိများနှင့် တရားသူကြီးများ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

စမ်းသပ်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားရုံးများတွင်လည်း အဆိုပါစမ်းသပ်အစီအစဉ်အတွက် အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ကျင်းပသည့် ဆောလျင်စွာ ရှေ့နေရပိုင်ခွင့် အမျိုးသားအဆင့်စကားဝိုင်း ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ကျင်းပသည့် "ဆောလျင်စွာ ရှေ့နေရပိုင်ခွင့်" အမျိုးသားအဆင့်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။



**အများပြည်သူအကျိုးကို ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး**

စကားဝိုင်းတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက "ဒီနေ့လုပ်တဲ့ ဆွေးနွေးပွဲရဲ့အဓိကအချက်ကတော့ နိုင်ငံသားအားလုံး ရသင့်တဲ့ အခွင့်အရေးကို တစ်စုံတစ်ခုကြောင့်မရဘူးဆိုရင် ကျွန်တော်တို့က ကူညီဖို့ဖြစ်ပါတယ်။ တရားရုံးကိစ္စကိုဝင်စွက်ဖို့မဟုတ်ပါဘူး။ ဖိအားပေးဖို့လည်းမဟုတ်ပါဘူး။ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ အမှန်တကယ်ရအောင်ကူညီဖို့ဖြစ်ပါတယ်။ အဲဒါကျွန်တော်တို့ အဖွဲ့ရဲ့တာဝန်ပဲဖြစ်ပါတယ်။ ဒီအဖွဲ့မျိုး ကျွန်တော်တို့နိုင်ငံမှာ ယခင်ကမရှိခဲ့ပါဘူး။ သက်ဆိုင်ရာဌာနတွေရဲ့အကူအညီနဲ့ အများပြည်သူအကျိုးကိုဆောင်ရွက်ပေးနိုင်ဖို့ ဒီဆွေးနွေးပွဲကို လုပ်တာပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ လက်ရှိမှာ အမှုပေါင်း ၅၀ ကျော်လောက်ဆောင်ရွက်နိုင်ပါပြီ။ ဒီထက်ပိုပြီးဆောင်ရွက်ပေးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဟိုးက "ဆောလျင်စွာ ရှေ့နေရပိုင်ခွင့်၊ ဥပဒေဆိုင်ရာ လုပ်ဆောင်ရန်လိုအပ်ချက်များနှင့် လုပ်ထုံး၊ လုပ်နည်းအကြံပြုချက်များ ရပိုင်ခွင့်" ခေါင်းစဉ်ကိုလည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ နိုင်ငံတကာအကြံပေးအရာရှိ မစ္စဂျေရယ်လင်းဘက်စ်နာဒိုက "သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့များမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကူညီပံ့ပိုးရေးအတွက် နိုင်ငံတကာအလေ့အကျင့်ကောင်းများ" ခေါင်းစဉ်ကိုလည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အမျိုးသားအကြံပေးအရာရှိ ဦးဟန်ဇာထွန်းက "နိုင်ငံအတွက် ကျင့်သုံးမည့် အကောင်းဆုံးအလေ့အထများ" ခေါင်းစဉ်ကိုလည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က "ဆောလျင်စွာ ရှေ့နေရပိုင်ခွင့်၊ ဥပဒေဆိုင်ရာလုပ်ဆောင်ရန် လိုအပ်ချက်များနှင့် လုပ်ထုံး၊ လုပ်နည်းအကြံပြုချက်များ ရပိုင်ခွင့်" ခေါင်းစဉ်နှင့် "ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းကူညီခြင်း" ခေါင်းစဉ်ကိုလည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်စိုးဗိုလ်က "ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းတွင် အဂတိလိုက်စားမှုများကို ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်နိုင်မည့်အချက်များ ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေနှင့်ဆွေးနွေးတိုင်ပင်ခွင့်ရစေရန် မည်ကဲ့သို့ အကောင်းဆုံးလုပ်ဆောင်မည်ဆိုသည့် အချက်၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်ကိုစတင်အကောင်အထည်ဖော်သည့် ကာလကပင် အဂတိကင်းရှင်းစေရန် မည်သို့လုပ်ဆောင်မည်ဆိုသည့်အချက်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် ရည်ရွက်ချက်များပြည့်မီစေရန် မည်သို့ပူးပေါင်းဆောင်ရွက်မည်ဆိုသည့်အချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **မျိုးမြင့်(သတင်းစဉ်)**

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရှေ့လာမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် အရေးကြီးသည်ဆိုသည်ကို အလေးအနက်ထားပြီး ပြောကြားလိုပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ အထွေထွေအုပ်ချုပ်ရေးကဏ္ဍအတွက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားနိုင်မည်ဆိုသည့် အကြံပြုချက်များ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ အရေးကြီးသည့် ပထမခြေလှမ်းကို အကြိုပြင်ဆင်ရေး အဆင့်တစ်ဆင့်အနေဖြင့် သတ်မှတ်နိုင်ပါကြောင်း။

**သုံးရက်တာကျင်းပရန်စီစဉ်**

မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များ ချမှတ်သည့် အထက်အဆင့်မှ အကောင်အထည်ဖော်သည့် အောက်ခြေအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၏ အခန်းကဏ္ဍကို ခိုင်ခိုင်မာမာ ပါဝင်စေလိုပါကြောင်း၊ ကာယကံရှင်များကိုယ်တိုင် စိတ်ရောကိုယ်ပါ ပါဝင်နိုင်ခြင်းသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အထူးအရေးကြီးသည်ဟု မိမိအနေဖြင့် ခံယူထားပါကြောင်း၊ အဘယ်ကြောင့် ဤမူဝါဒများ ဖြစ်ပေါ်လာရသည်၊ ချမှတ်လိုက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို မည်ကဲ့သို့ စဉ်းစားပြီးဆုံးဖြတ်ခဲ့သည်ဆိုသည်ကို လက်တွေ့အကောင်အထည် ဖော်ရမည့် ပုဂ္ဂိုလ်များကိုယ်တိုင် ရှင်းရှင်းလင်းလင်း ကျေကျေညက်ညက် နားလည်သိမြင် သဘောပေါက်ထားပြီဆိုလျှင် မိမိတို့၏ လုပ်ငန်းစဉ် အောင်မြင်ရန် အလားအလာကောင်းများ များစွာရရှိသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးမည့်အချိန် လုံလောက်မှုရှိရမည်၊ တက်ရောက်ပါဝင်မည့်သူများ အနေဖြင့် ကျေကျေလည်လည် ရှင်းရှင်းလင်းလင်းရှိရမည်ဆိုသည့် ရည်ရွယ်ချက်နှင့် အလုပ်ရုံဆွေးနွေးပွဲကို သုံးရက်တာ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မည်သည့်အပေါ်တွင်အခြေခံပြီး ချမှတ်ကြမည်၊ မည်သည့်အတိုင်းအတာနှင့် ကဏ္ဍနယ်ပယ်မည်မျှအထိ ထည့်သွင်းကြမည်၊ မည်သည့်အရာများက ဦးစားပေးဖြစ်သင့်သည်၊ မည်သည့်အရာများက ရေရှည်လုပ်ငန်းစဉ်ဖြစ်သင့်သည် စသည့်အချက်များကို မိမိတို့အားလုံး စဉ်းစားသုံးသပ်ဆုံးဖြတ်ကြရန် လိုအပ်ပါကြောင်း။

**ဘက်ပေါင်းစုံသုံးသပ်ရန်လို**

အဓိကအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အနာဂတ်မျှော်မှန်းချက်(Vision)က မည်သို့ဖြစ်သင့်သည်၊ မိမိတို့ ဆက်ပြီးလျှောက်လှမ်းရမည်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်သည့်အတွက် နိုင်ငံရေးစနစ်၊ ပြည်ထောင်စုဖွဲ့စည်းမှုနှင့် လိုက်လျောညီထွေဖြစ်မည့် အုပ်ချုပ်ရေးစနစ်ကို မည်ကဲ့သို့ သတ်မှတ်ကြမည်ဆိုသည်ကိုလည်း ဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အကြံပြုလိုသည်မှာ အုပ်ချုပ်မှုကောင်းဟု ပြောကြသကဲ့သို့ ကောင်းမွန်သော အုပ်ချုပ်မှုဟုလည်း ခေါ်ကြသည့် Good Governance ဖြစ်ပေါ်လာရေးသည် မိမိတို့ဌာန၏ အနာဂတ်မျှော်မှန်းချက်(Vision)ဖြစ်သင့်သည်ဟု အဆိုပြုလိုပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန် (Mission) များက မည်သည့်အရာများဖြစ်သည်ဆိုရာတွင် လောလောဆယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူ၍ လုပ်ငန်းတာဝန်ကြီးလေးရပ် သတ်မှတ်ထားပါကြောင်း၊ ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် အုပ်ချုပ်ရေးယန္တရားသည် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရမည်မှာ မှန်ပါကြောင်း၊ ဒုတိယအချက်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးကိုလည်း ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် ဆွေးနွေးကြရန်မှာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် မည်သို့ကွာခြားသလဲဆိုသည် ဖြစ်ပါကြောင်း၊ ဥပမာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို အမှန်တကယ် လက်တွေ့လုပ်ဆောင်နေရသည့် အခြေအနေများနှင့် ချိန်ထိုးကြည့်လိုက်လျှင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုပြီး ပေါင်းလိုက်လျှင် သင့်၊ မသင့် ဆိုသည်ကိုလည်း ဆွေးနွေးအကြံပြုပေးရန် လိုအပ်ပါကြောင်း။

နံပါတ်သုံးအချက် ဒေသဖွံ့ဖြိုးရေးသည် Regional Development ကို ရည်ညွှန်းခြင်းဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် မလုပ်မဖြစ် လုပ်ဆောင်ရမည့် ဦးစားပေးတာဝန်ကြီးတစ်ရပ် ဖြစ်ပါကြောင်း၊ နံပါတ်လေးအချက်ဖြစ်သည့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုသည့်အချက်နှင့်ပတ်သက်ပြီး မိမိတို့ လက်တွေ့ဆောင်ရွက်ပေးနေရသည့်အတိုင်း လူထုဗဟိုပြု ပြည်သူ့ရေးရာ ဝန်ဆောင်မှုများ ထိရောက်အောင်ဆောင်ရွက်ရေး၊ People Centric Effective Public Service ဆိုပြီး ပြင်ဆင်ရန် သင့်၊ မသင့်ကိုလည်း ထည့်သွင်းဆွေးနွေးပြီး အကြံပြုပေးရန် တိုက်တွန်းလိုပါကြောင်း၊ အဖွဲ့အစည်းများ၏ သဘောတရားအရ အနာဂတ်မျှော်မှန်းချက်(Vision)၊ လုပ်ငန်းတာဝန်(Mission)များကိုချမှတ်ပြီး ဆောင်ရွက်ရာတွင် လိုက်လျောညီထွေဖြစ်မည့် အစုအဖွဲ့၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် လုပ်ငန်းလည်ပတ်မှုစနစ်များကို ဘက်ပေါင်းစုံ သုံးသပ်ရန်လိုအပ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**စံနမူနာပြဖြစ်စေရန်ဆောင်ရွက်**

ချမှတ်လိုက်သည့် မျှော်မှန်းချက်အတိုင်း လိုက်နာကျင့်သုံးရမည့် အခြေခံမူများသည် မည်သည့်အရာများဖြစ်သည်ဆိုသည်နှင့် ချမှတ်လိုက်သည့် မျှော်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်လည်း လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတိုင်း ကိုးကားဆောင်ရွက်ရမည့် ဝန်ထမ်းလက်စွဲများ ပြုစုရေးကိစ္စရပ်ကိုလည်း ဆောင်ရွက်ကြရန်ရှိပါကြောင်း။

ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အုပ်ချုပ်ရေးအာဏာကျင့်သုံးပုံ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲပုံများတွင် အုပ်ချုပ်ရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လေ့ကျင့်သင်ကြားပုံများ ပြုပြင်ပြောင်းလဲရေး စသည့်အချက်များကိုလည်း ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေး သုံးသပ်ပေးကြရန် မှာကြားလိုပါကြောင်း။

ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်ကဆိုပြီး ဖြစ်လာရန်၊ မိမိတို့ ထွေအုပ်က စံနမူနာပြဖြစ်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လိုပါကြောင်း၊ ပြုပြင်ရမည့် အရာများ အများကြီးရှိနေသကဲ့သို့ ပြောင်းလဲရမည့်အရာများလည်း အများကြီး ရှိနေပါကြောင်း၊ အသွင်သဏ္ဍာန်ပြောင်းလဲရေးနှင့် အနှစ်သာရပြောင်းလဲရေးကို ဟန်ချက်ညီညီ သွားလိုပါကြောင်း၊ တကယ်လုပ်ကိုင်နိုင်မည့် ကိစ္စရပ်များကို ဦးစားပေးပြီး ထိရောက်အောင် ဆောင်ရွက်လိုပါကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့်လည်း အပိုင်းလိုက်ခွဲခြားပြီး စနစ်တကျ ပြောင်းလိုပါကြောင်း။

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်**

လက်ရှိအချိန်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို မိမိတို့ ဝန်ကြီးဌာနအောက် ရွှေ့ပြောင်းလိုက်ပြီးသည့်နောက် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမ သုံးလတာကာလကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နောင်လာမည့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ရေး လုပ်ငန်းစဉ်များကို ဆက်တိုက်ဆောင်ရွက်နေရာတွင် ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်ကဆိုသည်ကို လက်တွေ့ဖြစ်လာစေရန် မည်သည့်နေရာက စပြီးပြုပြင်ရမည်၊ နောက်ထပ် မည်သည့်လုပ်ငန်းစဉ်များကို ဆက်တိုက်လုပ်ဆောင်ကြမည်၊ တစ်ချိန်တည်းမှာ မည်သည့်အရာများကို လုပ်ဆောင်ရမည်ဆိုသည်ကိုလည်း ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ အကြံပေးအဖွဲ့ဝင်များက ပြုပြင်ပြောင်းလဲမှုများအတွက် ပြည်နယ်တစ်ခု- မြို့နယ်တစ်ခု စီမံချက်(One State- One Township Project)ဟု ခေါ်သည့် အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဦးစားပေး မြို့နယ် သုံးမြို့နယ်ကို ရွေးချယ်ပြီး ပြန်လည်တင်ပြနိုင်ရန်အတွက် ဆွေးနွေးကြရန်ရှိပါကြောင်း၊ မိမိတို့၏ စဉ်းစားချက်သည် တစ်နိုင်ငံလုံး၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိနေသည့် မြို့နယ်တိုင်းတွင် တစ်ပြေးညီ လုပ်မည်ဆိုလျှင် စိတ်ကူးသက်သက်ပင်ဖြစ်နေပြီး လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနိုင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် တစ်မြို့နယ် သတ်မှတ်ကာလအတွင်း အကောင်အထည်ပေါ်လာစေရန် ရှေ့ပြေးအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းပြောင်း နိုင်ငံတော်၏ အုပ်ချုပ်ရေး ကျောရိုးမဏ္ဍိုင်ကြီးအဖြစ် ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော်လည်း နိုင်ငံတော်က ချမှတ်ထားသည့် အချက် ၁၂ ချက်တွင် ပါဝင်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ၏ ပထမဆုံးအချက်အဖြစ် ဖော်ပြထားသည်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်းဆိုသော လောကပါလတရားများကိုရရှိစေပြီး အခွင့်အရေး သာတူညီမျှဖြစ်သော ဝါဒရေးရာအရ ဖြူစင်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

ထို့အတွက်ကြောင့် မိမိတို့ ဆက်ပြီးလျှောက်လှမ်းရမည်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်သည့်အတွက် နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ကိုယ်တိုင်ပါဝင်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးကို စတင်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အရှိကိုအရှိအတိုင်း၊ မိမိအတွေ့အကြုံကိုအခြေခံပြီး လုပ်သင့်လုပ်ထိုက်သည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး သီအိုရီများ၊ စိတ်ကူးများက အမျိုးမျိုးနှင့် အများကြီးရှိနေပါကြောင်း၊ အတွေ့အကြုံနှင့် လက်တွေ့လုပ်ငန်းခွင်ကို အခြေခံမှသာ ထိရောက်မှန်ကန်သည့် ရလဒ်များထွက်ပေါ်နိုင်မည်ဟု မိမိအနေဖြင့် ခံယူပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် စေတနာကို အရင်းခံပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်၊ ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်ကဟုဆိုသည့်အတိုင်း တက်တက်ကြွကြွပါဝင်ပြီး ဝိုင်းဝန်းကြိုးပမ်းအားထုတ်ပေးကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာတင်မောင်သန်းက ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဦးကျော်က အထွေထွေအုပ်ချုပ်ရေးနှင့် ဆက်နွယ်နေသော ဥပဒေဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် လုပ်ငန်းဇယားနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာကျော်ရင်လှိုင်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများကို လည်းကောင်း၊ ဦးဝင်းကြည်က မဟာဗျူဟာအရ ပြောင်းလဲလုပ်ဆောင်ရမည့် အရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ပြဋ္ဌာန်းချက်များနှင့်ဆက်စပ်၍ ပြုပြင်ပြောင်းလဲရမည့် အချက်များ၊ အသွင်သဏ္ဍာန်ပြောင်းလဲခြင်းအတွက် လုပ်ဆောင်သင့်သည့်အချက်များနှင့် ရပ်/ကျေးအဆင့်အထိ ပိုမိုထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး ဆောင်ရွက်ရမည့် အချက်များကို အုပ်စုဖွဲ့ဆွေးနွေးကြသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးခြင်း၊ အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အတွေ့အကြုံများ မျှဝေသည့် အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁၇)အကြီးစားစက်ရုံ (မလွန်) ကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် မလွန်ကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)သို့ သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမတွင် စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ လမ်းကြိတ်စက်နှင့် နောက်တွဲယာဉ်များ၊ ဆန်စက်ငယ်များ၊ လယ်ထွန်စက်များ၊ စပါးခြွေလှေ့စက်များ၊ သုံးဘီးမော်တော်ဆိုင်ကယ်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မြေပဲအခွံချွတ်စက်များ တပ်ဆင်ထုတ်လုပ်ရောင်းချပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး စက်ရုံ၊ အလုပ်ရုံများအတွင်း လှည့်လည်ကြည့်ရှုကြကာ စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ တာဝန်ရှိသူများနှင့်အတူ ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားကြီးရင်ပြင်တော်တွင် နေပူခံကျောက်ပြားများ ခင်းကျင်းနိုင်ရေးနှင့် ရင်ပြင်တော်အတွင်း၌ရှိသော သစ်ပင်များပတ်လည်၌ အက်ကွဲနေသော အုတ်ခုံများ သပ်သပ်ရပ်ရပ် ပြန်လည်ပြုပြင်မွမ်းမံရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသို့ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် (Extractive Industries Transparency Initiative-EITI) များနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသို့ မိတ်ဆက်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်သဘင်ဆောင်၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

**မိတ်ဆက်ရှင်းလင်း**

အခမ်းအနားတွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်ရှင်းလင်းတင်ပြပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ထုတ်ပြန်ထားသော မြန်မာနိုင်ငံ EITI ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာများပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုနှင့်ပုလဲကဏ္ဍ၊ ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ၊ အစီရင်ခံစာများပါ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော EITI လုပ်ငန်းစဉ်များ၊ EITI အစီရင်ခံစာများပါ အကြောင်းအရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**တက်ရောက်**

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စင်ကာပူသံရုံးမှ သံရုံးဒုတိယအကြီးအကဲ သံမှူး Mr. Koh Chee Chian အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် စင်ကာပူသံရုံးမှ သံရုံးဒုတိယအကြီးအကဲ သံမှူး Mr. Koh Chee Chian အား ယနေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် သံရုံးဒုတိယအကြီးအကဲ သံမှူး Mr. Koh Chee Chian ၏ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

### ☆ AFC Cup မှ

ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးကို ပွဲထွက်လူစာရင်းတွင် အသုံးပြုကာ ကျော်ဇင်ထက်၊ ရန်အောင်ကျော်၊ မောင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့သလို စင်ကာပူအသင်းတွင်လည်း နာမည်ကြီး ကစားသမား အမ်မရီအပါအဝင် လူစုံပါဝင်ခဲ့သည်။ ရန်ကုန်အသင်း၏ ခြေစွမ်းမှာ အာရှချန်ပီယံလိဂ်တွင် ကစားခဲ့သည့် ခြေစွမ်းကိုမမီဘဲ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်နေရသည်။ ၁၂ မိနစ်တွင် ဆယ်လာ၏ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပွဲကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ တမ်ပနိစ်ရိုဗာအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ တမ်ပနိစ်ရိုဗာအသင်းသည် ချေပဂိုးရရန် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာပြီး တောင်ပံနှစ်ဖက်ကို အားပြုတိုက်စစ်ဆင်ခဲ့သည်။ ၅၅ မိနစ်တွင် တမ်ပနိစ်ရိုဗာအသင်း ချေပဂိုးပြန်ရခဲ့ပြီး စင်ကာပူနာမည်ကြီးကစားသမား အမ်မရီက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် တမ်ပနိစ်ရိုဗာအသင်းက တောက်လျှောက်ဖိကစားရာ ၆၂ မိနစ်တွင် ဇီဟာရူဒင်က ဒုတိယဂိုး၊ ၆၇ မိနစ်တွင် မီဂူမီက တတိယဂိုးတို့ သွင်းယူခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့၌ ယှဉ်ပြိုင်ကစားသည့် ဆီရက်စ် (ဖိလစ်ပိုင်)နှင့် ရှမ်းယူနိုက်တက် (မြန်မာ)တို့ပွဲတွင် ဆီရက်စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

### ❒ ပြည်တွင်း၊ ပြည်ပမှ

ဆီစက်တို့၊ ဆန်စက်တို့ ထုတ်လုပ်တဲ့ စက်တွေပါမယ်။ မြေသြဇာနဲ့ ဆေးပစ္စည်းလာပြမယ့် အဖွဲ့တွေပါမယ်။ စင်ကာပူ၊ အိန္ဒိယ၊ တူရကီတို့က စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ပတ်သက်တဲ့ စက်ပစ္စည်းတွေ လာပြမယ်။ ပြခန်း ၁၂၀ လောက်ကို နိုင်ငံတကာက ကုမ္ပဏီတွေအတွက်နဲ့ အပြင်က ပြခန်း ၉၀ လောက်ကို ပြည်တွင်းထုတ်လုပ်ပစ္စည်းတွေ ပြသနိုင်ဖို့အတွက် စီစဉ်ထားပါတယ်”ဟု Silver Sea International Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဇာနည်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် နိုင်ငံတကာပြပွဲကြီးတွင် ထိုင်း၊ ဗီယက်နမ်နှင့် ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။

ယခုပြပွဲကြီးတွင် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများအတွက် ရည်ရွယ်၍ စက်ပစ္စည်းနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ထုတ်ပိုးစက်များကိုလည်း ပူးတွဲခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ပြပွဲကတော့ စတုတ္ထအကြိမ်မြောက် မန္တလေးနိုင်ငံတကာ စိုက်ပျိုးရေး၊ မွေးမြူရေးပြပွဲဖြစ်ပါတယ်။ ဒါနဲ့အတူ တတိယအကြိမ် စက်မှုနဲ့ လျှပ်စစ်ပြပွဲလည်း ပူးတွဲလုပ်မှာဖြစ်ပါတယ်။ မွေးမြူရေးနဲ့ ပတ်သက်တဲ့ ပြခန်းတွေ၊ စက်မှုနဲ့ပတ်သက်တဲ့ ပြပွဲတွေ၊ လျှပ်စစ်ကုန်ပစ္စည်းပြခန်းတွေ ပါဝင်မှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။

အဆိုပါပြပွဲနှင့်အတူ Myanmar Poultry Conference 2019၊ မြန်မာ့မွေးမြူရေး ဆေးဝါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ အော်ဂဲနစ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရေးဆွေးနွေးပွဲ၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ ပြည်တွင်းထုတ်စက်မှုပစ္စည်း၊ ထုတ်ကုန်များပြပွဲပြိုင်ပွဲနှင့် အရောင်းမြှင့်တင်ခြင်း၊ ပြည်တွင်းဝါသနာရှင်များ၏ တီထွင်ထုတ်လုပ်မှုပြပွဲ၊ ကျောင်းသားလူငယ်များ၏ စက်ရုပ်တီထွင်မှုပြပွဲတို့ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးယမုံ**

○ စာမျက်နှာ ၄ မှ

တိုးတက်ရန်နှင့် ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် လိုအပ်သည့် နည်းဗျူဟာများ ရှာကြံတွေးဆချမှတ် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ယနေ့အချိန်အခါတွင် ဆောင်ရွက်နေဆဲဖြစ်သည့် Tourism Resources များကွဲပြားခြားနားစွာရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်နိုင်သည့် Community Based Tourism ကဲ့သို့သော ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ထင်ရှားကျော်စောပြီးသည့် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖိတ်ခေါ်ခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ရိုးရာပွဲတော်များရှာဖွေဖော်ထုတ်ပြီး တစ်နှစ်တာလုံးလည်ပတ်နိုင်သည့် ခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ခြင်း၊ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆောင်ရွက်နေကြသည့် ခေတ်နှင့်အညီ နည်းပညာသုံးစွဲပြီး ထိရောက်သည့် ဈေးကွက်မြှင့်တင်ရေးနည်းဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကတို့၏ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ခြင်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားခြင်းဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဇဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေအသစ်ပြဋ္ဌာန်းပြီးဖြစ်၍ နည်းဥပဒေဆက်လက်ရေးဆွဲဆောင်ရွက်နေမှု၊ Infrastructure များ ဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်မှု အဆင့်အတန်းမြင့်မားရေး၊ လုပ်ငန်းလိုင်စင်များ လွယ်ကူအဆင်ပြေစွာခွင့်ပြုရေး၊ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီး မပျောက်ပျက်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရိုးရာအစားအသောက်များ မြှင့်တင်ကြော်ငြာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံရေးကိစ္စရပ်များ အလေးထားဆောင်ရွက်ရေးကို ဆွေးနွေးတင်ပြသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် ဇဟိုကော်မတီအတွင်းရေးမှူးက ဇဟိုကော်မတီ၏ (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေ၊ ကော်မတီများ ဖွဲ့စည်းခွင့်နှင့် အမိန့်ထုတ်ပြန်ချက်များကို ဇဟိုကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် ဇဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမြင့်ထွေးတို့က ကမ္ဘာ့လှည့်ခရီးသွားများ၏ လုံခြုံရေးဆောင်ရွက်ပေးနေမှု၊ ခရီးစဉ်ဒေသများသို့ လေကြောင်းလိုင်းများတိုက်ရိုက်ပျံသန်းနိုင်ရေး၊ဗီဇာခွင့်ပြုပေးနေမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဝင်၊ ထွက်ပေါက် ဖွင့်လှစ်ဆောင်ရွက်နေမှု၊ နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်များအဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ နယ်စပ်ဝင်၊ ထွက်ပေါက်များမှ ဗီဇာကင်းလွတ်ခွင့်နှင့် အပြန်အလှန် ဝင်ရောက်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု၊ ဗီဇာစစ်ဆေးရေးကိစ္စများကို ဖြေလျှော့ဆောင်ရွက်သွားမည့်အစီအစဉ်၊ ကမ္ဘာလှည့်ခရီးသွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုနှင့် ဝန်ကြီးဌာနအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**တက်ညီလက်ညီ ကြိုးစားဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဇဟိုကော်မတီဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဇဟိုကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများ ထိန်းသိမ်းထားရှိမှုနှင့် လာရောက်လေ့လာမှု၊ ခရီးသွားများ ပိုမိုစိတ်ဝင်စားမှု ရှိလာစေရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ ခရီးစဉ်လေ့လာစရာနေရာများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ ဖြေလျှော့ပေးရမည့်ကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယသမ္မတက သုံးသပ်ဆွေးနွေးရာ ပြည်ထောင်စု၏ စီမံခန့်ခွဲမှုကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို Power Sharing အရ ခွဲဝေစီမံခန့်ခွဲမှုပြုနိုင်ရန် အဓိကဦးတည်ပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေသစ်ကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းဥပဒေကို လက်တွေ့ကျင့်သုံးပြီး အကျိုးရှိအောင် အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်ရှိပြီးသား ခရီးသွားလုပ်ငန်းအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲနိုင်ရန်မှာလည်း အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အားလုံးတက်ညီလက်ညီ ကြိုးစားဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် မျှော်လင့်ထားသည့်အတိုင်း အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan ကိုလည်း စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် စင်ကာပူသံရုံးမှ သံရုံးဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် စင်ကာပူသံရုံးမှ သံရုံးဒုတိယအကြီးအကဲ သံမှူး Mr. Koh Chee Chian အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ ကော်မတီအတွင်းရေးမှူး ဦးဖုံးတိန့်၊ ဦးဘိုဘိုဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီ ရှစ်ခု၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဆပ်ကော်မတီ ရှစ်ခု၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



**တန်းတူညီမျှရရှိရေး ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် မသန်စွမ်းသူများ၏ အခွင့်အရေးတို့ကို ဖော်ဆောင်ရန်လက်တွေ့ကျသည့် အစည်းအဝေးဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားအားလုံး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏အခွင့်အရေးတို့ကို ညီတူညီမျှရရှိရေးအတွက် ဦးတည်ဆောင်ရွက်ရာတွင် လိုအပ်သည့်နေရာတို့ကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးပါက ညီတူညီမျှရရှိခံစားခွင့်တို့ကို ပိုမိုလက်တွေ့ကျကျ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သို့ ရောက်ရှိနိုင်ရန်ဆောင်ရွက်နေပါကြောင်း၊ ဖက်ဒရယ်စနစ်ကိုအခြေခံခြင်းသည် သာတူညီမျှ၊ တန်းတူညီမျှ၊ ခွင့်တူညီမျှစနစ်ကို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင်လည်း လူတိုင်းအခြေခံလူ့အခွင့်အရေးတို့ကို တန်းတူညီမျှရရှိရေး ဆောင်ရွက်ရပါကြောင်း၊ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်းဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်လိုအပ်ပါကြောင်း၊မည်သူ့ကိုမျှ ဖယ်ချန်ထားခြင်းမရှိအောင်လည်း ဆောင်ရွက်ရပါကြောင်း၊ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများအတွက် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်၍ နိုင်ငံတော်ကဦးစားပေးလုပ်ငန်းများအဖြစ် အားလုံးပါဝင်အောင် ဆောင်ရွက်နေပါကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒအတိုင်း လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရေး၊ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံသည့် လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေးနှင့်ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်ဆပ်ကော်မတီ ရှစ်ခု၏ ယနေ့ အစည်းအဝေးသည် ယင်းဦးတည်ချက် မူဝါဒကိုအခြေခံပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်းရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ ရှစ်ခုဖြင့် မဟာဗျူဟာစီမံကိန်းအားချမှတ်နိုင်ရေးလက်တွေ့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ စံချိန်စံညွှန်းများအပြင် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်သော မသန်စွမ်းကိစ္စရပ်များနှင့်ကိုက်ညီရန် လိုအပ်သဖြင့် ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များ ဖော်ဆောင်ရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် မျှော်လင့်ပါကြောင်း၊ မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ပြီး အကာအကွယ်ရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရန် ဝန်ကြီးဌာနအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြည်သူများနှင့် လက်တွဲ၍ အခက်အခဲ၊ အဟန့်အတား၊ အနှောင့်အယှက်ကင်းကင်းဖြင့် ဆောင်ရွက်သွားနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် UNICEF (မြန်မာ) ၏ ဒုတိယဌာနေကိုယ်စားလှယ် Mr. Pawl Edwards က ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီအသီးသီး၏ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းရေးဆွဲချမှတ်နိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်အား ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Line Walker - 2 ရုပ်ရှင်ဇာတ်ကား ရန်ကုန်မြို့ဇာတ်ဝင်ခန်းများ နောက်ဆုံးနေ့အဖြစ် ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ Line Walker - 2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ယနေ့တွင် နောက်ဆုံးနေ့အဖြစ်ရိုက်ကူးပြီး Line Walker- 2 ၏ ဇာတ်ဝင်ခန်းများကို မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

**အင်အားတောင့်တင်းစွာဖြင့် ရိုက်ကူး**

ယနေ့ရိုက်ကူးနေသော ဇာတ်ဝင်ခန်းများသည် ရုပ်ရှင်ဇာတ်ကားများတွင် စိတ်ဝင်စားမှုအမြင့်ဆုံးအခန်းများဖြစ်သည့် ကားတိုက်သည့် ဇာတ်ဝင်ခန်းများ၊ ကားပေါက်ကွဲမှုများ၊ မော်တော်ယာဉ်တိမ်းမှောက်သည့် ဇာတ်ဝင်ခန်းများအား ရိုက်ကွင်းအဖွဲ့သား အင်အားတောင့်တင်းစွာဖြင့် ရိုက်ကူးလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်တိုက်မှုကြောင့် ဝန်းကျင်ရှိ လမ်းဘေးဈေးဆိုင်များ ထိခိုက်ပျက်စီးမှု ဇာတ်ဝင်ခန်းများ၊ မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွားသည့် ဇာတ်ဝင်ခန်းများကို ကျွမ်းကျင်သည့် ဆက်တင်ပြင်ဆင်ရေးသမားများဖြင့် စိတ်ရှည်လက်ရှည် ရိုက်ကူးလျက်ရှိသည်ကို တွေ့ရသည်။

**ရှုထောင့်အမျိုးမျိုးမှ ရိုက်ကူး**

ရုပ်ရှင်ကြည့်ပရိသတ်အား မြင်ကွင်းအမျိုးမျိုးမှ ပြသနိုင်ရေးအတွက် ရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးနေသော ကင်မရာများကို တွေ့ရသည်။ ယနေ့သည် ဇာတ်ဝင်ခန်း နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ မော်တော်ယာဉ်ပေါက်ကွဲမှု အခန်းများ ပါဝင်မည်ဖြစ်သောကြောင့် မူလက မြို့တော်ခန်းမဘေးတွင် ဂိတ်ထိုး ရပ်တန့်လျက်ရှိသော ဝိုင်ဘီအက်စ် ၈၇၊ ၂၉၊ ၃၆၊ ၃၊ ၂၈ စသော ယာဉ်လိုင်းများနှင့် မော်တော်ယာဉ်စီးခရီးသည်များကို တာဝန်ရှိသူများက နေရာအနည်းငယ် ရွှေ့ပြောင်းစီးနင်းစေခဲ့သည်ကို တွေ့ရသည်။

Line Walker- 2 ရုပ်ရှင်ဇာတ်ကားတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၏ အထင်ကရပုံရိပ်များဖြစ်သော ရွှေတိဂုံစေတီတော်၊ ဗဟန်းဈေး၊ ပိုင်အမ်စီအေခန်းမ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဆူးလေဘုရားလမ်းတို့ကို နောက်ခံထား၍ ရုပ်ရှင်ဇာတ်ဝင်ခန်းများ ရိုက်ကူးခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ရိုက်ကူးမည့် ဇာတ်ဝင်ခန်းအချို့အတွက် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာတွင် ရိုက်ကူးခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- အာကာစိုး**





ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ Line Walker - 2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းရိုက်ကူးနေမှုနှင့် လာရောက်ကြည့်ရှုသည့် ပရိသတ်များကို တွေ့ရစဉ်။



# မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်နှစ်ဦးကို ရိုက်နှက်ခဲ့သည့် သူများအား အမှုဖွင့်စစ်ဆေး

**ဝိုင်းမော် ဖေဖော်ဝါရီ ၂၆**
ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ဖေဖော်ဝါရီ ၂၆ ရက်က သခင်စစ် သတ္တုတူးဖော်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက မြစ်ကြီးနားသတင်းဂျာနယ်မှ သတင်းထောက်နှစ်ဦးကို နေအိမ်သို့ခေါ်ဆောင်၍ ရိုက်နှက်မှုဖြစ်ပွားခဲ့ရာ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ဝိုင်းမော်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖေဖော်ဝါရီ ၂၅ ရက်က သခင်စစ် သတ္တုတူးဖော်ရေးကုမ္ပဏီနှင့်ပတ်သက်၍ ဖော်ပြခဲ့သည့်သတင်းမှာ မှားယွင်းသည်ဟုဆိုကာ ဖြေရှင်းရန် ဝိုင်းမော်မြို့ရှိ ကုမ္ပဏီနေအိမ်သို့ ခေါ်ဆောင်သွားခဲ့ပြီး နေအိမ်ရောက်ရှိခိုက် အမျိုးသမီးသတင်းထောက် မမွန်းမွန်းပန်နှင့် အမျိုးသားသတင်းထောက် လပတ်ခေါင်လွန်းတို့နှစ်ဦးအား နေအိမ်တစ်အိမ်စီခွဲ၍နေစေပြီး မွန်းမွန်းပန်အား ၎င်းရေးသားခဲ့သည့်ဂျာနယ် စာစောင်ဖြင့် ပါးရိုက်ခြင်း၊ လပတ်ခေါင်လွန်းအား ထိုင်ထအကြိမ် ၃၀၀ ပြုလုပ် စေခြင်းနှင့် နေအိမ်မှအပြင်သို့မထွက်နိုင်စေရန် ချုပ်နှောင်ထားခြင်းများ ပြုလုပ်ခဲ့ခြင်းကြောင့် မြစ်ကြီးနားဂျာနယ်သတင်းထောက် မမွန်းမွန်းပန်က ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သခင်စစ် သတ္တုတူးဖော်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒိန်ဆောင်အပါအဝင် ခြောက်ဦးအား ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ဝိုင်းမော်မြို့မရဲစခန်းမှ သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

စိန်နန်းတော်
Diamonds & Fine Jewelry
2019 Grand Lucky Draw
Grand Prize - Mazda Brand New Car (1) စီး




တောင်ကြီး စိန်ရွှေရတနာ အထူးဈေးရောင်းပွဲ
(၁ရက် ၊ ၂ရက် ၊ ၃ရက် ၊ ၄ရက် မတ်လ ၂၀၁၉)
တောင်ကြီး City Square Shopping Centre (Promotion Area)
5% to 30% off
Special Discounts
ဗလာမပါ
ရွှေသားထည် နှင့်ငွေသား ကံစမ်းမဲ
ရွှေဆွဲကြိုး ၊ ရွှေလက်စွပ် ၊ ရွှေဆွဲသီး နှင့် ငွေသား
(၃) သိန်းကျပ်ဖိုးနှင့် အထက်ဝယ်ယူသူများ ကံစမ်းနိုင်ပါသည် / တောင်ချွာတစ်စောင်ကို ကံစမ်းမဲတစ်စောင်ပေးပါမည် ။
* စိန်ထည်ဝယ်ယူသူများကို မြန်မာပွဲတက်ချိတ်ထည်များ လက်ဆောင်
* (၅) သိန်းကျပ်ကို ကားကံစမ်းမဲကူပွန် (၁) စောင်
* (၁၀) သိန်းဖိုးနှင့် အထက်ဝယ်ယူပါက စိန်နန်းတော် VIP Member card နှင့် " I ❤ စိန်နန်းတော် "တီရှပ် လက်ဆောင်
* သိန်း (၈၀) ဖိုးနဲ့ အထက်ဝယ်ယူသူများကို D&C (Singapore Brand) လက်ကိုင်အိတ်များကို အမှတ်တရ လက်ဆောင် ပေးသွားပါမည် ။
၁၅ ပဲရည်ရွှေထည် စိန်ရိုင်းဆန်းများ ၊ 18K White Gold (ရွှေဖြူ /ပလက်တီနမ်) စိန်ရိုင်းဆန်းများ ၊Belgium စိန်အပြည့်ဆင့်ထည်များနှင့် Hong Kong Setting စိန်ထည် စိန်ရိုင်းဆန်းများကိုပြိုင်ဘက်ကင်းသောဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည် ။
တောင်ကြီး City Square Shopping Centre
မိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရေထွက်ဦးလမ်းထောင့် ၊ ကန်ရှေ့ရပ်ကွက် ၊ တောင်ကြီးမြို့နယ်
မနက် (၉) နာရီ မှ ည (၉) နာရီထိ
ဖုန်း – ၀၉ ၅၂၅၀၀၈၄၄၅ ၊ ၀၉ ၇၆၄၄၉၉၀၆၀ ၊ ၀၉ ၄၄၄၉၂၉၄၀

# မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ အဆိုပါပညာရေးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကိုရီးယားဆရာတော် Ven Mok Tak ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကိုရီးယားဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်စကား မြွက်ကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ ဗုဒ္ဓဘာသာ ဓမ္မပူဇာတေးအဖွဲ့က ကိုရီးယားဓမ္မတေးများဖြင့် သီဆိုဖျော်ဖြေကြပြီး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ကိုရီးယားဆရာတော်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကွန်ပျူတာသင်တန်းနှင့် ဘာသာစကားသင်တန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် (၁၅၀×၄၀×၂၅)ပေ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်းပေါင်း ၂၁၈၀ ဖြင့် စုစုစံဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ မတ် ၂၀ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် မတ် ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၄၁၂၁၂၆ တို့သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇- ၄၁၄၄၉၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



ကြေးမုံ



# ဗင်နီဇွဲလားသမ္မတ မာဒူရိုအား ရာထူးမှဖယ်ရှားရန် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ် တောင်းဆို

**ဘိုဂိုတာ ဖေဖော်ဝါရီ ၂၆**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုအား ရာထူးမှဖယ်ရှားရန် တောင်းဆိုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များပါဝင်သည့် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကိုလံဘီယာနိုင်ငံ မြို့တော်ဘိုဂိုတာတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဗင်နီဇွဲလားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းကို ဆွေးနွေးခဲ့ကြသည်။

ဘိုဂိုတာမြို့တွင် အစည်းအဝေးပြုလုပ်ခဲ့သည့် ၁၀ နိုင်ငံမှာ ဗင်နီဇွဲလားအတိုက်အခံ ခေါင်းဆောင် ဂျူအန် ဂွါအီဒိုအား ထောက်ခံမှုပြုထားသည့် နိုင်ငံများဖြစ်သည်။ ဗင်နီဇွဲလား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂွါအီဒိုက မိမိကိုယ်မိမိ ကြားဖြတ်သမ္မတအဖြစ် ကြေညာထားသည်။

အကျပ်တည်းဆုံးအခြေအနေသို့ ရောက်လုနီးနီး ဖြစ်နေသည့် ဗင်နီဇွဲလားနိုင်ငံအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ အထောက်အကူများလိုအပ်ကြောင်း ဂွါအီဒိုက ယင်းအစည်းအဝေးတွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတက ဖတ်ကြားရာ၌ အမေရိကန်ပြည်ထောင်စုသည် ဗင်နီဇွဲလား အတိုက်အခံတို့နှင့် ရာနှုန်းပြည့် အတူရှိနေကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလားအရေးတွင် အရာအားလုံးကို ရွေးချယ်ခွင့်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



# ဝါရှင်တန်-ပြုံယမ်း ထိပ်သီးအစည်းအဝေးပွဲတက်ရန် ခေါင်းဆောင်ကင် ဟန္ဒိုင်းမြို့သို့ ရောက်ရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၂၆**



အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ တက်ရောက်ရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္ဒိုင်းသို့ ယနေ့ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

ခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယားနိုင်ငံမှ အချိန်အားဖြင့် နှစ်ရက်ခွဲခန့် စီးနင်းရသော ရထားဖြင့် တရုတ်နိုင်ငံကို ဖြတ်သန်းကာ ဟန္ဒိုင်းမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဗီယက်နမ်နိုင်ငံ၏ နယ်စပ်မြို့တစ်မြို့သို့ ရထားခရီးစဉ်ဖြင့် ရောက်ရှိခဲ့ရာ ဗီယက်နမ် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့များက တခမ်းတနား ကြိုဆိုခဲ့ကြသည်။

ခေါင်းဆောင် ကင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် တွေ့ဆုံကာ နှစ်နိုင်ငံ အရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲကို စင်ကာပူနိုင်ငံတွင် လွန်ခဲ့သောနှစ်က ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံဆက်ဆံရေးသည် သိသာစွာ တိုးတက်မှုရှိလာခဲ့ပြီး ယခုဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲကျင်းပရန် နှစ်နိုင်ငံက သဘောတူညီခဲ့ကြသည်။ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲတွင် ဝါရှင်တန်အနေဖြင့် ပြုံယမ်းအား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့် ဒုံးလက်နက်များ စမ်းသပ်ပစ်လွှတ်ရာ နေရာများအား အပြီးတိုင်ပိတ်သိမ်းနိုင်ရေး အပါအဝင် နိုင်ငံအတွင်းသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့များ စေလွှတ်ခွင့်ပြုရေးအတွက် မြောက်ကိုရီးယားအား တောင်းဆိုနိုင်ဖွယ်ရှိပြီး ပြုံယမ်းဘက်ကလည်း နျူကလီးယားလက်နက် စွန့်ပယ်ခြင်းအတွက် ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးရေး တောင်းဆိုဖွယ်ရှိကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။

သမ္မတထရမ့်က ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းတွင် မြို့တော်ဟန္ဒိုင်းသို့ လေယာဉ်ဖြင့် ရောက်ရှိလာသည်။ ထို့နောက် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဗီယက်နမ် ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် ခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။

**အေအက်ဖ်ပီ**

# ဆိုမာလီနိုင်ငံ အလယ်ပိုင်းတွင် အမေရိကန်လေကြောင်း တိုက်ခိုက်မှုကြောင့် အယ်လ်ရှာဘတ်စစ်သွေးကြွ ၃၅ ဦး သေဆုံး

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၆**

ဆိုမာလီနိုင်ငံအလယ်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၂၄ ရက်က လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ အယ်လ်ရှာဘတ် စစ်သွေးကြွအကြမ်းဖက်သမား ၃၅ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဟီရန်ဒေသ ဘီလီဒ်ဝိန်းနီမြို့၏ အရှေ့ဘက် ၃၇ မိုင် အကွာခန့်ရှိ ဒေသအကြားတွင် ရွှေ့ပြောင်းဝင်ရောက်လာသည့် အယ်လ်ရှာဘတ် စစ်သွေးကြွများကို ပစ်မှတ်ထားကာ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက် အာဖရိကစစ်ဌာနချုပ်မှထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ ယင်းသို့ တိုက်ခိုက်ရခြင်းမှာ ယင်းဒေသတွင် အယ်လ်ရှာဘတ် သူပုန်များက ယင်းတို့၏တပ်ဖွဲ့အား အင်အားကြီးမားရန် ကြိုးပမ်းနေခြင်းကို ဟန့်တားရန်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဒေသအတွင်းရှိ အယ်လ်ရှာဘတ်တပ်ဖွဲ့ဝင်များ ကွန်ရက်နှင့် တပ်သားသစ်စုဆောင်းခြင်းလုပ်ငန်းများအပေါ် ဆိုမာလီအမျိုးသားတပ်မတော်က ဖိအားပေးနိုင်ရန်အတွက် တိကျသော လေကြောင်းတိုက်ခိုက်ခြင်းမှာ ကြီးမားသောအစိတ်အပိုင်းအဖြစ် အထောက်အကူပေးရေးနှင့် ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း အရပ်သားများ သေဆုံးမှုမရှိကြောင်း အမေရိကန်၏ စစ်ဘက် အာဖရိကစစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆိုမာလီတပ်ဖွဲ့များနှင့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များက အောက်ပိုင်းရှာဘီလေနှင့် အလယ်ပိုင်းရှာဘီလေဒေသတို့တွင် အယ်လ်ရှာဘတ် စစ်သွေးကြွများအပေါ် စစ်ဆင်မှုများ အရှိန်မြှင့် ပြုလုပ်လျက်ရှိသည်။ ယင်းသို့ လုပ်ဆောင်ရခြင်းမှာ အာဖရိက ဦးချိုဒေသရှိ ဆိုမာလီနိုင်ငံအတွင်း တည်ငြိမ်မှုရရှိရေးအတွက်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အိန္ဒိယလေတပ်က စစ်သွေးကြွစခန်းအား လေကြောင်းမှစီးနင်းတိုက်ခိုက်၊ စစ်သွေးကြွအများအပြား သေဆုံး



**နယူးဒေလီ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနိုင်ငံရှိ မြို့ကြီးများအား အသေခံဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်နေသည့် ပါကစ္စတန်က ထောက်ခံအားပေးထားသော စစ်သွေးကြွစခန်းကို အိန္ဒိယလေတပ်မှ တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အိန္ဒိယအစိုးရက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

**သေဆုံးသူအရေအတွက်များပြား**

ညပိုင်းအချိန်တွင် စတင်ခဲ့သည့် ယင်းလေကြောင်းတိုက်ခိုက်မှုတွင် ဂျာရစ် အီးမိုဟာမက်(ဂျေအီးအမ်) စစ်သွေးကြွများ သေဆုံးသူအရေအတွက် များပြားကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ သို့ရာတွင် အိန္ဒိယလေတပ်မှ လေယာဉ်များကို ပါကစ္စတန်လေတပ်မှ ဂျက်တိုက်လေယာဉ်များက ဟန့်တားမောင်းထုတ်ခဲ့ခြင်းကြောင့် အိန္ဒိယဂျက်လေယာဉ်များ နောက်ကြောင်းပြန်လှည့်သွားကြပြီး ပါကစ္စတန်ပိုင်နက်နယ်မြေအတွင်း ထိခိုက်သေဆုံးပျက်စီးမှုမရှိကြောင်း ပါကစ္စတန်ဘက်မှ ပြောကြားသည်။

**တင်းမာမှုများမြင့်တက်**

အိန္ဒိယနိုင်ငံက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အိန္ဒိယစစ်သည် ၄၁ ဦး သေဆုံးခဲ့ရသည်။ ယင်းကားဗုံးဖောက်ခွဲမှုကို ၎င်းတို့လုပ်ဆောင်ခဲ့သည်ဟု ဂျေအီးအမ်စစ်သွေးကြွအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ပြီးနောက်တွင် အိမ်နီးချင်းအိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံအကြားတွင် တင်းမာမှုများမြင့်တက်လာပြီး အပြန်အလှန်ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့ကြသည်။

ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ဂျေအီးအမ်စစ်သွေးကြွအဖွဲ့မှ သင်တန်းသားများနှင့် အထက်တန်းတပ်မှူးများအပါအဝင် အများအပြား သေဆုံးသွားကြောင်း အိန္ဒိယနိုင်ငံခြားရေးဌာနအတွင်းဝန် ဗီဂျေးဂေါ့ဟာလီက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ကျောက်တော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများနှင့် AA သောင်းကျန်းသူအဖွဲ့ ထိတွေ့မှုဖြစ်ပွား၊ လေ့ကျင့်ရေးစခန်းတစ်ခုအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် မြောက်ဦးမြို့သို့ ဆက်သွယ်ထားသော ကားလမ်း၏ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၁၀၀ ခန့်သည် လေ့ကျင့်ရေးစခန်း ဖွင့်လှစ်ရန်နှင့် အခြေခံနယ်မြေ တည်ဆောက်ရန် ရောက်ရှိနေပြီး အများပြည်သူ အသုံးပြုလျက်ရှိသော ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ မိုင်းထောင်မိုင်းခွဲခြင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း AA သောင်းကျန်းသူအဖွဲ့များကို မလိုလားသော ပြည်သူများ၏ သတင်းပေးပို့မှုအရ တပ်မတော်စစ်ကြောင်းများသည် ကျောက်တော်မြို့နှင့် မြောက်ဦးမြို့နယ် အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ဆုတ်ခွာသွားခဲ့သော AA သောင်းကျန်းသူအဖွဲ့များနောက်သို့ တပ်မတော်စစ်ကြောင်းများက အသေးစိတ်လိုက်လံရှင်းလင်းခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်မှ ယနေ့အထိ ထိတွေ့မှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ကာ ၎င်းတို့ သင်တန်းကျောင်းဖွင့်လှစ်ရန် ရည်ရွယ်ထားသော လေ့ကျင့်ရေးစခန်းတစ်ခုအား သိမ်းပိုက်ရရှိခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့များသည် ဖြစ်စဉ်ဖြစ်ပွားရာနေရာ၏ အရှေ့ဘက်နှင့် တောင်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တပ်မတော်စစ်ကြောင်းများက ထက်ကြပ်မကွာ လိုက်လံရှင်းလင်းလျက်ရှိသည်။

ဖြစ်စဉ်များတွင် မိမိဘက်မှ စစ်သည်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့ထံမှ အလောင်း လေးလောင်း၊ လက်နက်မျိုးစုံ လေးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ လေ့ကျင့်ရေးအသုံးအဆောင်ပစ္စည်းများ၊ အရက်စည် ခုနစ်ပုံး၊ လမ်းလျှောက်စကားပြောစက်အားသွင်းခုံများ၊ မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ကျူးပိုက်များ၊ ကော်ဘူးများ၊ ဝါးနှင်းခလုတ်များ၊ ယမ်းစိမ်းပုံးများ၊ ဓာတ်မြေသြဇာများနှင့် တပ်မတော်အရာရှိ၊ စစ်သည်အဆင့်တံဆိပ်များ၊ AA သောင်းကျန်းသူ လက်မောင်းတံဆိပ်များကို သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်စစ်ကြောင်းများက သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



AA သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိပစ္စည်းများအား တွေ့ရစဉ်။

# ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်အတွင်းရှိ နေအိမ်လိုင်းခန်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အရာရှိတစ်ဦး၏ ဇနီးသည် သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်အတွင်းရှိ နေအိမ်လိုင်းခန်းတွင် ယနေ့ နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အရာရှိတစ်ဦး၏ ဇနီးသည် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်နယ်ရှိ နေအိမ်လိုင်းခန်းတွင် နံနက် ၈ နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အရာရှိတစ်ဦး၏ ဇနီးဖြစ်သူ ဒေါ်နန်းမို့မို့ဇော် (၂၆ နှစ်) မှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း၊ ထို့ပြင် နေအိမ်လိုင်းခန်း မျက်နှာကြက်၊ ပြတင်းပေါက် တံခါးမှန်များ ပျက်စီးပြီး လိုင်းခန်းအတွင်းမှ ပလတ်စတစ်ကွန်ကျူးပိုက် အပိုင်းအစများ၊ ဘောစိနှစ်ထောင်ခန့်၊ မီးလောင်ကျွမ်းနေသော ဓာတ်ခဲအိမ်နှစ်ခုနှင့် ဆားကစ်ပြား တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုနှင့်ပတ်သက်၍ စိစစ်ရာ ဟဲဟိုးမြို့မှ ဘူးသီးတောင်သို့ ပြောင်းရွှေ့လာသော အရာရှိ၏ အိမ်ထောင်ပြောင်းပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီခန့်တွင် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာအကျော် ပုဏ္ဏားကျွန်း - ဘူးသီးတောင် ကားလမ်း တောင်ကြောအဆင်းအရောက်တွင် အရပ်ဝတ်ဖြင့် အမျိုးသားနှစ်ဦးက ယာဉ်အား ရပ်တန့်စေပြီး ရှာဖွေစစ်ဆေးခဲ့ကြောင်း၊ ထို့နောက် နောက်ပြန်လှည့်ခေါ်ဆောင်ကာ သေနတ်အရှည်တစ်လက်ပါ အရပ်ဝတ်များဖြင့် အမျိုးသား ခြောက်ဦးအဖွဲ့ ထပ်မံရောက်ရှိလာပြီး မေးမြန်းသဖြင့် အိမ်ထောင်ပြောင်း ဆရာမတစ်ဦး၏ ပစ္စည်းများဟု ပြောကြားခဲ့ကြောင်း၊ ပစ္စည်းပို့ခိုင်းသူထံ ဖုန်းစပီကာဖွင့်ကာ ဆက်သွယ်ခိုင်းသဖြင့် ယာဉ်မောင်းက အဆိုပါအရာရှိထံ ဆက်သွယ်ခဲ့ရာ ဘူးသီးတောင်တပ်ရှေ့သို့ ရောက်ရှိလျှင် ဖုန်းပြန်ဆက်ရန် ပြန်လည်ပြောကြားခဲ့ကြောင်း၊ ည ၈ နာရီခန့်တွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ပြန်လွှတ်ပေးသဖြင့် ဆက်လက်မောင်းနှင်လာရာ ယနေ့နံနက် ၇ နာရီတွင် ဘူးသီးတောင်သို့ ရောက်ရှိပြီး နေအိမ်ညှော့ခန်းအတွင်း ပစ္စည်းများ နေရာချရှင်းလင်းနေစဉ် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်သားအယောင်ဆောင်၍ ဖမ်းဆီးနှိပ်စက်မှုများရှိပါက သက်ဆိုင်ရာများသို့ တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦး-ကျောက်တော် - စစ်တွေ ကားလမ်း၏ အရှေ့ဘက်တောင်ကုန်းများတွင် AA သောင်းကျန်းသူအဖွဲ့များက လေ့ကျင့်ရေးစခန်းဖွင့်လှစ်ရန်နှင့် စည်းရုံးရေးနယ်မြေတည်ဆောက်ရန်အတွက် ရောက်ရှိလာပြီး အများပြည်သူအသုံးပြုလျက်ရှိသော ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်ဖျက်ဆီးမှုများ ဆောင်ရွက်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် AA သောင်းကျန်းသူများထံမှ အလောင်းများ၊ လက်နက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် တပ်မတော်သုံး အဆင့်တံဆိပ်၊ ပခုံးဒေါက်နှင့် ကော်လံတံဆိပ်များ သိမ်းဆည်းရမိကြောင်းကို တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်မှုများ ပြုလုပ်ပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်အသုံးအဆောင်ပစ္စည်းများဝတ်ဆင်၍ တပ်မတော်သား အယောင်ဆောင်ကာ အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းများ ဆောင်ရွက်နေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရနှင့် သိမ်းဆည်းရမိခဲ့သော အထောက်အထားများအရ သိရှိရသည့်အပြင် လူမှုကွန်ရက်စာမျက်နှာများ၌လည်း စွပ်စွဲဝါဒဖြန့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်မှုများသည် AA သောင်းကျန်းသူများအနေဖြင့် တပ်မတော်အပေါ် အထင်မှား အမြင်မှားဖြစ်စေရန် ရည်ရွယ်၍ လုပ်ဆောင်နေခြင်းဖြစ်ပြီး တပ်မတော်နှင့် ဒေသခံပြည်သူလူထု စိတ်ဝမ်းကွဲ၍ ဒေသမတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်၊ ကျေးရွာများအလိုက် တပ်မတော်သားအယောင်ဆောင်၍ အကြောင်းမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါက သက်ဆိုင်ရာရဲစခန်းများနှင့် တိုင်းစစ်ဌာနချုပ်သို့ အထောက်အထားနှင့်တကွ အကြောင်းကြား တိုင်ကြားခြင်းဖြင့် ဒေသလုံခြုံရေးအား တပ်မတော်၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



# မောင်တောမြို့၌ မူးယစ်ဆေးဝါးသုံးစွဲနေသူ နှစ်ဦးနှင့် အပေါင်းပါ နှစ်ဦးအား စိတ်ကြွဆေးပြားများ၊ ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မောင်တောမြို့၌ မူးယစ်ဆေးဝါးသုံးစွဲနေသူ နှစ်ဦးနှင့် ၎င်းတို့၏ အပေါင်းပါနှစ်ဦးအား စိတ်ကြွဆေးပြား ၂၅ ပြား၊ ငွေကျပ် ၂၄ သိန်းကျော်နှင့် လက်ကျန်ငွေကျပ် သိန်း ၅၀ ကျော်ရှိသည့် ဘဏ်စာအုပ်တစ်အုပ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက် ည ၇ နာရီခန့်တွင် မောင်တောမြို့(၄) မိုင်ရပ်ကွက် မကျီးချောင်း၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးအား စစ်ဆေးရာ ယာဉ်နောက်ခန်း၌ မူးယစ်ဆေးဝါး သုံးစွဲနေသော ပုဏ္ဏားကျွန်းမြို့နယ် စံပြ ရပ်ကွက်နေ မြင့်စိုး(ခ) ခိုင်ကျော်မင်း၊ မောင်တောမြို့(၆) မိုင်ရပ်ကွက်နေ ထွန်းထွန်းကျော်(ခ) အောင်ကျော်သိန်းတို့အားလည်းကောင်း၊ ယာဉ်အနီးတွင် ၎င်းတို့နှင့်အတူ ပါလာသော မောင်တောမြို့(၄) ရပ်ကွက်နေ ဇော်ဆီတိနှင့် ကျန်သိန်းဝေတို့အားလည်းကောင်း တွေ့ရှိကာ စိတ်ကြွဆေးပြား ၂၅ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၂၄ သိန်း ၆ သောင်း၊ မြင့်စိုးအမည်ပါ ဘဏ်ငွေစုစာအုပ်တစ်အုပ် (လက်ကျန်ငွေကျပ် ၅၁ သိန်းကျော်) တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများမှာ မောင်တောမြို့နယ် ဝေသာလီကျေးရွာနေ မောင်အဝင်းချေ၏ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် မောင်အဝင်းချေ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းမှာ ရှောင်တိမ်းနေပြီး မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခြင်း မရှိကြောင်း၊ တိမ်းရှောင်နေသူ မောင်အဝင်းချေနှင့် မြင့်စိုး (ခ) ခိုင်ကျော်မင်းတို့အပါအဝင် လေးဦးအား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့သည် မူးယစ်ဆေးဝါးသယ်ဆောင်၊ ရောင်းဝယ်၊ သုံးစွဲမှုများတွင် ဆက်စပ်လုပ်ကိုင်နေသူများဟု ယူဆရကြောင်း၊ ဖမ်းဆီးရမိသည့် ထွန်းထွန်းကျော် (ခ) အောင်ကျော်သိန်းမှာ မောင်တောမြို့မ ရဲစခန်းမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



(ဝဲမှယာ) ကျန်သိန်းဝေ၊ ဇော်ဆီတိ၊ မြင့်စိုး(ခ)ခိုင်ကျော်မင်း၊ ထွန်းထွန်းကျော်(ခ)အောင်ကျော်သိန်း





# ကျောက်ဖြူမြို့နယ် ထွေ/အုပ်ရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၆**

ကျောက်ဖြူမြို့အစိုးရရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း ယနေ့ညနေပိုင်းက ပေါက်ကွဲမှုအသေးစားတစ်ခုဖြစ်ပွားခဲ့သဖြင့် ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အနောက်ဘက်ရှိ အမှိုက်များ၊ ချုံပုတ်များအား ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းမီးရှို့စဉ် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် အမှိုက်ပုံထဲမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ မြေကြီးအတွင်း မြုပ်နေသော ဗုံးသီးဟောင်းသည် မီးအပူရှိန်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**





နေပြည်တော် တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာ အင်ကြင်းတောင်တောရကျောင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က သာမဏေကျော်လင်္ကာရဘွဲ့ရရှိသော ရှင်နန္ဒိသေနာဇညာလင်္ကာရအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပစဉ်။ (သာမဏေကျော်သည် ကိုးဝါအတွင်း သာမဏေကျော်ဘွဲ့ဂုဏ်ထူးပေါင်း ၁၀ ဘွဲ့ရရှိအောင်မြင်ခဲ့ပြီး မန္တလေးမြို့ချမ်းမြသာစည် ဓမ္မဝေဝါဆိုကျောင်းတိုက်တွင် ပိဋကတ်စာပေများ ဆက်လက်သင်ယူလျက်ရှိကြောင်းသိရသည်။) **ခွန်းဆက်နေ**

# e-Government လုပ်ငန်းစဉ်များ အောင်မြင်ပါက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်

**မကွေး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဖွင့်လှစ်ခဲ့သည့် e-Government လုပ်ငန်းအထောက်အကူပြု Web Contents သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အစိုးရမှ ပြည်သူနှင့် အခြားအဖွဲ့အစည်းများသို့ ဝန်ဆောင်မှုပေးခြင်းနှင့် အစိုးရအတွင်း စီမံအုပ်ချုပ်မှုများအား အဂတိတရားကင်းရှင်းစေခြင်း၊ လျင်မြန်စနစ်ကျမှုရှိပြီး အချိန်ကုန်သက်သာစေခြင်း၊ လူ့စွမ်းအားများ မလိုအပ်ဘဲ အသုံးချနေမှု လျော့ကျစေခြင်း၊ ပြည်သူများ မလိုအပ်ဘဲ ငွေကြေးကုန်ကျမှု သက်သာစေခြင်း၊ နည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်သောလူတန်းစားများ ပေါ်ပေါက်စေခြင်း နှင့် e-Government လုပ်ငန်းစဉ်များ အောင်မြင်ပါက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြားပွင့်လင်းမြင်သာမှုရှိကာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် e-Government လုပ်ငန်း အထောက်အကူပြု Web Contents သင်တန်းတွင် ပါဝင်ဟောပြောသည့် ပညာရှင်များအား တိုင်းဒေသကြီးဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား Tablet ၊ Printers ၊ Mobile Sim Router များနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ပြီး e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များက ဟောပြောဆွေးနွေးသည်။

တိုင်းဒေသကြီးတွင် e-Government သင်တန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ သင်တန်း ရှစ်ကြိမ်ဖွင့်လှစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့်သင်တန်းသား ၄၂၀ ဖြင့်လည်းကောင်း၊ Web Contents သင်တန်းအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း သင်တန်းခြောက်ကြိမ်ဖွင့်လှစ်ရာ သင်တန်းသား ၃၆၀ ဖြင့်လည်းကောင်း သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# သီလရှင်အပါး ၅၀၀ ဝတ်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြိုင်သီလရှင်စာသင်တိုက် သီလရှင်သင်ပညာရေးကျောင်း၌ သီလရှင် ဆရာကြီး ဒေါ်သုနန္ဒာ(ပဓာနနာယက) ဦးဆောင်၍ ဒုလ္လဘသီလရှင်တို့အား ဝတ်စုံလှူဒါန်းပွဲနှင့် (၁၁) ကြိမ်မြောက် စုပေါင်းသီလရှင်အပါး ၅၀၀ ဝတ်ပွဲအခမ်းအနားကို မတ် ၂ ရက်တွင်ကျင်းပမည်ဖြစ်သည်။

သီလရှင်ဝတ်လိုသူများသည် ကျောင်းသို့လာ၍သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**



# သဖန်းဆိပ်ရေလှောင်တမံမှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေ စတင်ပေးဝေ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံတွင် ဆည်ရေအများဆုံးသိုလှောင်ထားနိုင်သည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ် ရေလှောင်တမံမှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် နွေစပါးနှင့် နွေသီးနှံ လျာထားဧရိယာများ ဆည်ရေပေးဝေရာတွင် စိုက်ပျိုးရေလိုအပ်ချက်အရ ထုတ်လွှတ်မည့် ဆည်ရေများကို သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ထည့်သွင်းနိုင်သည့်အပြင် သောက်သုံးရေအတွက် ရွှေဘိုမြို့နယ်ရှိ မဟာနန္ဒာကန်နှင့် ဘုတလင်မြို့နယ် အတွင်းရှိ ကျေးရွာများမှ ရေကန် ၅၀ကျော်တို့အား ရေဖြည့်သွင်းပေးလျက်ရှိသည်။

သဖန်းဆိပ်ဆည်မှ သိုလှောင်ထိန်းသိမ်းထားသည့် ရေများကို မူးမြစ်ကြောင်းတစ်လျှောက် အောက်ဘက်ကိုးမိုင်အကွာ ကင်းတပ်ရေထိန်းတမံမှ တစ်ဆင့် လက်ဝဲ၊ လက်ယာ ရေပေးတူးမြောင်းများနှင့် အောက်ဘက် ၃၃ မိုင်အကွာရှိ ကာဘိုးရေလွှဲဆည်၏ ရွှေဘိုတူးမြောင်းနှင့် ရေဦးတူးမြောင်းတို့အတွက် စိုက်ပျိုးရေကို ဆည်ရေထိန်းညှိထုတ်လွှတ်ပေးလျက်ရှိသည်။

၂၀၁၈-၂၀၁၉ခုနှစ် နွေစပါး ရေပေးရာသီတွင် ကင်းတပ်ဆည် လက်ဝဲတူးမြောင်းမှ နွေစပါး ဧက ၅၀၅၀၀ နှင့် ကင်းတပ်ဆည် လက်ယာတူးမြောင်းမှ နွေစပါး ဧက ၆၀၀၀၀၊ ကာဘိုးဆည် ရွှေဘိုတူးမြောင်းမှ နွေစပါး ဧက ၉၈၉၇၀ နှင့် နွေသီးနှံ ဧက ၇၀၇၃၀၊ ကာဘိုးဆည် ရေဦးတူးမြောင်းမှ နွေစပါး ဧက ၆၅၀၀၀ နှင့် နွေသီးနှံဧက ၁၆၅၀၀ လျာထားပြီး သဖန်းဆိပ်ဆည် မြောင်းကြီးလေးမြောင်းမှ စုစုပေါင်း နွေစပါးဧက ၂၇၄၄၇၀ နှင့် နွေသီးနှံ ဧက ၈၇၂၃၀ စုစုပေါင်း ဧက ၃၆၁၇၀၀ တို့အား ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ဆည်ရေ ပေးဝေလျက်ရှိကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်ပြီးချိန်မှစ၍ ဆည်ရေဖြင့် နှစ်စဉ်မိုးစပါး၊ နွေစပါး၊ နွေသီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ခဲ့သည့် ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်မြို့နယ်များမှ ဒေသခံတောင်သူများ၏ စိုက်ပျိုးစွမ်းအားများ တိုးတက်လာခြင်း၊ လူနေမှုဘဝ မြင့်မားပြီး ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေခြင်း၊ ဝင်ငွေတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ သဖန်းဆိပ်ဆည်ရေဖြင့် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

# မြိုင်ကြီးငူအထူးဒေသတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မျက်စိဝေဒနာခံစားနေရသည့် ကျေးလက်နေပြည်သူများအား မြိုင်ကြီးငူ သီတဂူ အာရောဂျ ဒါနဆေးရုံ၌ မတ် ၂ ရက်မှ ၅ ရက်အထိ အပြင်တိမ်၊ အတွင်းတိမ် မျက်စိဝေဒနာခံစားနေရသူများအား သီတဂူမျက်စိအထူးကုဆေးအဖွဲ့က လာရောက်စစ်ဆေးပြီး အခမဲ့ဆေးကုသပေးသွားမည် ဖြစ်သည်။

အဆိုပါ ဆေးကုသမှုခံယူရာတွင် ကျေးရွာများရှိ မျက်စိဝေဒနာခံစားနေရသူများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် မြိုင်ကြီးငူတိုက်နယ်ဆေးရုံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မြိုင်ကြီးငူ သီတဂူ အာရောဂျဆေးရုံသို့ မတ် ၂ ရက် မွန်းတည့် ၁၂ နာရီတွင် မျက်စိဝေဒနာခံစားနေရသူကိုယ်တိုင် လာရောက်၍ စမ်းသပ်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး ရောဂါစစ်ဆေးပြီးနောက် ကုသမှုများကို ရောဂါအခြေအနေပေါ် မူတည်ပြီး ခွဲစိတ်ကုသမှုများကို အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မိတ္ထီလာခြေလျင်နှင့်တောင်တက်အဖွဲ့ ဖုန်ကန်ရာဇီရေခဲတောင်တက်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဖုန်ကန်ရာဇီရေခဲတောင်သို့ မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ မတ် ၄ ရက်တွင် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်လေ့ကျင့်မှုပြုလုပ်**

"ပူတာအိုမြို့နယ်အတွင်းမှာတည်ရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင် အမြင့် ပေ ၁၁၉၂၀ ပေါ်ကို မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့ ဥက္ကဋ္ဌအပါအဝင် တောင်တက်အဖွဲ့ဝင် ၂၀ တက်ရောက်မှာပါ။ မတ် ၃ ရက်မှာ မိတ္ထီလာက စတင်ထွက်ခွာမှာဖြစ်ပြီး အဲဒီနေ့မှာ ပူတာအိုမှာ ညအိပ်ပြီး ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးကို နောက်တစ်နေ့ နံနက်မှာ စတင်တက်ရောက်မှာဖြစ်ပါတယ်။ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးကို လိုက်ပါမဲ့ အဖွဲ့ဝင်တွေထဲမှာ အသက် ၇၀ ကျော်အရွယ် အဖွဲ့နာယက ဦးဝင်းရှိန်၊ အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမျိုးသက်တို့လည်း ပါဝင်ပြီးတော့ ရေခဲတောင်တက်ခရီးအတွက် အချိန်ယူကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်" ဟု မိတ္ထီလာ ခြေလျင်နှင့်တောင်တက်အဖွဲ့မှ သတင်းပြန်ကြားရေးတာဝန်ခံ ကိုထွန်းလွင်က ပြောသည်။

မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့သည် ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီး မထွက်ခွာမီ ပုပ္ပားတောင်၊ ဆင်တောင်၊ မြင်းမထိတောင်၊ ပြက္ခရွေတောင်၊ စိန်ခနောက်မြခနောက်တောင်၊ အရှေ့မြင်အနောက်မြင်တောင်၊ မဲနယ်တောင်တို့ကို တက်ရောက်ခဲ့သည်။ ဖုန်ကန်ရာဇီရေခဲတောင်တက်ခရီးအတွက် လေယာဉ်လက်မှတ်ကုန်ကျစရိတ်များကို Revicon အားဆေးက ကူညီပံ့ပိုးသည်။

**ရွေးချယ်ထား**

တောင်တက်အဖွဲ့၏ အဓိကဆောင်ပုဒ်မှာ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးပါ၊ တောင်တက်ခရီးစဉ်တိုင်းတွင် မိမိတို့အဖွဲ့က မည်သည့်အမှိုက်မျိုးကိုမှ စွန့်ပစ်ခဲ့ခြင်းမရှိစေရဖြစ်သည်။ တောင်တက်အဖွဲ့တွင် အဖွဲ့ဝင် ၁၀၀၀ ကျော်ရှိသည်။ ခရီးစဉ်များတွင် တောင်တက်အဖွဲ့ဝင် ၁၄၀ နှင့် ၂၀၀ ဝန်းကျင်ခန့် အမြဲတမ်းလိုက်ပါ တက်ရောက်ခဲ့ပြီး ဖုန်ကန်ရာဇီရေခဲတောင်ခရီးကိုမူ တောင်တက်အဖွဲ့တာဝန်ရှိသူများမှ ရွေးချယ်ထားသူ အဖွဲ့ဝင် ၂၀ နှင့် ပထမဆုံးတက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဆရာဝန်နဲ့ အနုပညာ

## ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

(၂၅-၂-၂၀၁၉ ရက်နေ့မှအဆက်)

နောက်တစ်ချက်က ကြောင်းကျိုးဆက်နွယ်တတ်မှုပါ။ ဆေးခန်းထဲကို လူနာနဲ့အတူ လူနာစောင့်ဝင်လာမယ်။ အမြင်နဲ့ အထင်မှန်းပြီး သူတို့နှစ်ဦးကို ဆွေမျိုးမစပ်သင့်ပါဘူး။ ဥပမာ အသက်ကြီးတဲ့အမျိုးသားနဲ့ အသက်ငယ်တဲ့ အမျိုးသမီး ဝင်လာတိုင်း သားအဖ ဟုတ်ချင်မှ ဟုတ်မယ်။ အသက်ကြီးတဲ့ အမျိုးသမီးနဲ့ ငယ်တဲ့အမျိုးသားတွဲပြီး ဝင်လာတိုင်း သားအမိဖြစ်ချင်မှ ဖြစ်မှာပါ။ ရွယ်တူတန်းတူလာတိုင်းလည်း လင်မယားဖြစ်ချင်မှဖြစ်မယ်။ လူနာရဲ့လူမှုရေးကို စိတ်ဝင်စားဖို့ မလိုဘူး။ မိမိက လူနာရဲ့ ခံစားနေရတဲ့ ရောဂါဝေဒနာကိုသာ ကုသမှာဖြစ်လို့ "လူနာရဲ့ရောဂါအကြောင်း ပြောပြချင်ပါတယ်။ လူနာနဲ့ ဘယ်လို တော်စပ်ပါသလဲ" လို့ မေးပြီးမှ ရောဂါနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ရှင်းလင်းပြောပြပါတယ်။ တကယ်လည်း အရေးကြီးတဲ့ လျှို့ဝှက်အပ်တဲ့ ရောဂါကို ပြောမယ်ဆိုရင် ကာယကံရှင်လူနာရဲ့ ဆွေမျိုးအရင်းကိုသာ ပြောပြချင်လို့ပါ။ ဆရာဝန်တစ်ယောက်ရဲ့ကျင့်ဝတ်အရ လူနာရဲ့ လျှို့ဝှက်အပ်တဲ့အရာကို ထိန်းသိမ်းပေးထားဖို့ လိုပါတယ်။ မိမိကြောင့် ကာယကံရှင်လူနာ စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုး၊ သူ့ပတ်ဝန်းကျင် အပေါင်းအသင်းအကြား သိက္ခာညှိုးနွမ်းရမှာမျိုး မဖြစ်စေချင်ပါဘူး။

နောက်တစ်ချက်က မှတ်သားနိုင်စွမ်းပါ။ မှတ်သားဉာဏ်တွေက လူတစ်ဦးနဲ့တစ်ဦး မတူကြဘူး။ တချို့က စာတွေကို မှတ်မိမယ်။ တချို့က လမ်းတွေကို ပိုပြီးမှတ်မိတယ်။ တချို့က လူတွေကို မှတ်မိတယ်။ တချို့က အကြောင်းအရာတွေ မှတ်မိတယ်။ လူတစ်ယောက်ရဲ့ ဦးနှောက်အကန့်အကန့် တွေထဲမှာ ကိုယ်စိတ်ဝင်စားရာ၊ အားသန်ရာကို သိမ်းထားတယ်။ အခွင့်သင့်တဲ့ အခါ အဲဒီဦးနှောက်ကနေ ထုတ်ယူသုံးစွဲကြရတယ်။ တချို့ကတော့ လူတွေကို မှတ်မိတယ်။ ဘယ်လောက်အချိန်တွေ ကြာမြင့်ပါစေ တစ်ခါတွေ့ဖူးထားရင် အဲဒီလူကို မှတ်မိနေတာပါပဲ။ လူတွေကို မှတ်မိတာကလည်း အောင်မြင်မှု ရစေတဲ့ အချက်လို့ ထင်ပါတယ်။ ဘယ်သူမဆို ကိုယ့်ကိုမှတ်မိတာ၊ သတိတရ ရှိတာ ကြိုက်ကြမှာပါပဲ။ ဒါကြောင့် ဆေးခန်းတစ်ခု၊ ဆရာဝန်တစ်ယောက် အောင်မြင်တယ်ဆိုတဲ့နေရာမှာ ကုသမှုလည်း ကောင်းရမယ်၊ စေတနာလည်း ပါရမယ်၊ ဆိုရှယ်လည်း ကောင်းရမယ်လို့ ပြောကြပါတယ်။

နောက်ထပ်အရေးကြီးတာက ဆရာဝန်တစ်ယောက်အနေနဲ့ အပျက်စကား နာလိုခံခက်တဲ့စကားမျိုး မပြောသင့်ပါဘူး။ အဖြစ်စကားပဲ ပြောသင့်တယ် ဆိုတာပါ။ ဒါတွေဟာ ပညတ်တွေပါလို့ ငြင်းဆိုချင် ငြင်းဆိုနိုင်ပါတယ်။ ဒါပေမယ့် ယနေ့အချိန်အထိ ကျွန်မနှုတ်က အပျက်/အဖျက် နိမိတ်ပုံဆောင်တဲ့ စကားလုံးမျိုး ပြောမထွက်ဖို့ အမြဲသတိထားပါတယ်။ ဥပမာ- အိမ်ရှေ့မှာဖြစ်ဖြစ်၊ လမ်းမှာဖြစ်ဖြစ် ကျီးတွေ အော်နေကြတယ်ဆိုပါတော့။ "ကျီး"ကို ဘယ်တော့မှ "ကျီးကန်း"လို့ ကျွန်မ မခေါ်ဘူး။ မျက်စိဆရာဝန်ဖြစ်လာတဲ့ အချိန်ကစပြီး သတိထားတယ်။ "ရွှေကျီး"လို့ပဲ နှုတ်ကထွက်တယ်။ "ကန်း" ဆိုတဲ့ စကားလုံးကို ကျွန်မ မသုံးချင်ဘူး။ အဲဒီလောက်တောင် ကျွန်မရဲ့လူနာတွေနဲ့ပတ်သက်ပြီး "စကားနောက် တရားပါ"မယ့် အပြောမျိုး မပြောမိဖို့ သတိထားပါတယ်။ ခွဲနေစဉ်မှာ လူနာကမငြိမ်ဘူး၊ ပြောမရ၊ ဆိုမရ ရုန်းကန်အော်ဟစ်နေတဲ့ အခါမျိုးမှာ ကျွန်မလည်း ပုထုဇဉ်လူသားတစ်ယောက် ဖြစ်တာကြောင့် "စိတ်"ဆိုတာ ရှိတယ်။ "ဒေါသ"ဆိုတာ ရှိပါတယ်။

ဒါပေမယ့် အဲဒီလို ရုတ်တရက်ဖြစ်ပေါ်လာတဲ့ ဒေါသစိတ်၊ သည်းမခံနိုင်တဲ့ စိတ်၊ မချင့်မရဲစိတ်တွေကို သတိကပ်ပြီး သိလိုက်နိုင်ဖို့ အတော်ကြိုးစား လေ့ကျင့်ယူရပါတယ်။ တစ်ခါတလေ လူနာကို မြင်စေကောင်းစေလိုတဲ့စိတ်နဲ့ အော်မိငေါက်မိတာ ရှိဖူးပါတယ်။ တကယ်တော့ လူနာတွေဘက်ကကြည့်ရင် ဘယ်သူကမှ ကိုယ့်မျက်စိကို မထိခိုက်စေချင်ကြပါဘူး။ ဘယ်သူမဆို ခွဲစိတ်ခံနေရပြီဆို စိတ်လှုပ်ရှားကြမှာချည်းပါပဲ။ ကိုယ်သာသူ့နေရာမှာ လူနာဖြစ်ခဲ့ရင် ဆိုတဲ့ ကိုယ်ချင်းစာစိတ်နဲ့ အားပေးစကားပြောရင်း စိတ်ပြောင်းစိတ်လွှဲဖြစ်မယ့် စကားလေးတွေပြောရင်း နှစ်သိမ့်ပေးရပါတယ်။

ခွဲနေတာ ခဏရပ်ပြီး "နာလို့လား...မနာအောင် ထုံဆေးတွေ အများကြီး ထည့်ပေးမယ်နော်။ စိတ်ကိုလျှော့ထား" ဆိုပြီး ခဏလောက်တော့ အချိန် စောင့်ပေးလိုက်ပါတယ်။

"အမေကြီး ငြိမ်ငြိမ်နေမှာလား၊ မနေဘူးလား။ ငြိမ်ငြိမ်မနေရင် အမေကြီး မျက်လုံး(---)သွားမယ်၊ မကြောက်ဘူးလား"ဆိုတဲ့ စကားမျိုး ဘယ်တော့မှ မပြောရဘူးလို့ ကျွန်မရဲ့ လက်ထောက်ဆရာဝန် ဆရာမလေးတွေကို သင်ပေးထားပါတယ်။ တစ်ခါကတော့ လူနာက နာတာကတစ်ကြောင်း၊ ကြောက်တာကတစ်ကြောင်း၊ မျက်စိခွဲနေတုန်း မျက်စိကို အရမ်းညှစ်နေတယ်။ အဲဒီအခါ ဆေးခန်းထဲမှာရှိနေတဲ့သူတွေက ဘေးကနေပြီး အော်ပါတယ်။

"အဘ... မညှစ်နဲ့လေ၊ ညှစ်နေရင်တော့ အဘမျက်လုံးထဲကဟာတွေ အကုန်ထွက်ကုန်မယ်"တဲ့။ အဲဒီတုန်းကများ ကျွန်မ စိတ်ဆိုးလိုက်တာ။ နောက်ဘယ်တော့မှ မပြောမိဖို့ ကျွန်မသတိပေးလိုက်ပါတယ်။ ကျွန်မရဲ့ ခံယူချက်ကတော့ ခွဲစိတ်နေစဉ်မှာ လူနာက ဘယ်လောက်ပဲ မနာခံပါစေ၊ မိမိကို ယုံကြည်ကိုးစားလို့သာ သူ့မျက်လုံးကို အပ်နှံထားတာဖြစ်တယ်။ သူ့ခမျာ ကြောက်ရှာလွန်းလို့သာ ရုန်းကန်နေတာ မိမိကသာ နားလည်သည်းခံပေးရမယ်လို့ ခံယူထားပါတယ်။

ဒါပေမယ့်လည်း တချို့တချို့မှာတော့ လူနာက ဘယ်လိုမှ ပြောလို့ဆိုလို့မရ၊ အောက်ကြည့်ပါဆိုလည်း အောက်မကြည့်၊ နေချင်သလိုနေ၊ ကုန်းရုန်းထနေပြီဆိုရင် စိတ်ကနည်းနည်းတိုချင်လာပါပြီ။ ကျွန်မကိုယ်ကျွန်မ သတိပြန်ပေးရတယ်။ ဘာလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရလဲဆိုတော့ လွန်ခဲ့တဲ့နှစ်တွေက ကျွန်မစိတ်နဲ့ ယနေ့လက်ရှိကျွန်မရဲ့စိတ်က မတူတော့တာ သတိထားမိလို့ပါပဲ။ နည်းနည်းအသက်ကြီးလာတာနဲ့အမျှ စိတ်ရှည်နိုင်မှုအားက လျော့နည်းလာတတ်ကြတယ် ထင်ပါတယ်။ ဆေးရုံမှာ လူနာတွေကများ၊ လူပင်ပန်း၊ စိတ်ပင်ပန်း၊ ဝန်နဲ့အား မမျှမတ လုပ်နေရတဲ့ အချိန်၊ မောပန်းနွမ်းနယ်နေတဲ့အချိန်မှာ သတိလက်လွတ်ဖြစ်ပြီး သည်းခံနိုင်အား လျော့သွားတယ်။ စိတ်ဆတ်သွားမိတာ ကိုယ့်ဘာသာ သတိပြုမိလို့ပါပဲ။ ချက်ချင်းပြန်ထိန်းရတယ်။ သြော် မတော်လို့ ခုနေများ ရုတ်တရက်ငါသေသွားရင် လားရာမကောင်းနိုင်ဘူး၊ ဒေါသစိတ်နဲ့ သေတော့မှာ။ စိတ်ကိုလျှော့၊ သတိကပ်၊ ကာမာဝါစရကုသိုလ်တွေက ဘာမှမခိုင်မာဘူး၊ ကောင်းတာ လုပ်နေပေမယ့် ဒီစိတ်လေးတစ်ခုကြောင့် ဘဝတွေ အမျိုးမျိုးဖြစ်နိုင်တယ်ဆိုပြီး လူနာခွဲစိတ်နေတုန်း မကြာခဏ သတိကပ်နေရတဲ့ အဖြစ်ပါပဲ။ ကိုယ့်လို ဆရာဝန် အချင်းချင်းကိုလည်း ကိုယ်ချင်းစာမိပါရဲ့။

နောက်တစ်ချက်က သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်း ပြောတဲ့ ဆရာဝန်မဖြစ်ဖို့ မိမိကိုယ်ကို သတိထားရပြန်ပါတယ်။ လူနာတွေကတော့ အမျိုးမျိုးပေါ့။ လက်ရှိပြသနေတဲ့ ဆရာဝန်သဘောကျအောင် ပြောတာလည်း ရှိတယ်။ တခြားဆေးခန်းမှာ အအော်အငေါက် အငြူစူခံခဲ့ရလို့ ဆရာဝန်ကသူပြောတာကို သေချာနားမထောင်လို့ကိုယ့်ဆီကိုလာပြတာလည်း ဖြစ်နိုင်တယ်။ ဒီတော့ သူ့စကားမှာ သံယောင်လိုက်ပြီး ကျွန်မနားမထောင်ပါဘူး။ ကိုယ့်ဆီလာပြတယ်ဆိုကတည်းက သူများခွဲထားတာ စိတ်တိုင်းမကျလို့ ခွဲထားတာကောင်းရဲ့နဲ့လည်း ပိုကောင်းလာနိုးနဲ့ သူများအဆွယ်ကောင်းလို့ တစ်နေရာကတစ်နေရာ ပြောင်းပြတတ်တာလည်းရှိတယ်။ ဒီလိုပဲ ကိုယ်ခွဲထားတာမကောင်းရင် ကိုယ့်ဆီပြန်လာတဲ့သူရှိသလို ကိုယ့်ဆီပြန်လာမပြဘဲ အခြားဆေးခန်းသွားပြကြတဲ့သူလည်း ရှိမှာပဲ။ ကိုယ့်ဆီပြန်မလာတိုင်း၊ ကိုယ်ခွဲတဲ့သူတိုင်း လိုအပ်ချက်မရှိ ပြည့်စုံနေမယ်လို့ ကျွန်မ မထင်ဘူး။ ကိုယ့်ဆီလာပြလို့လည်း "သူများအထုပ်ထမ်းရတယ်"လို့ မငြိုငြင်ချင်ပါဘူး။

"ခွဲထားတာ သိပ်ကောင်းတယ်၊ မျက်မှန်လေးတပ်လိုက်ရင် အားလုံး မြင်သွားမှာ မျက်စဉ်းလေးလည်း ဆက်ခပ်လိုက်ဦးနော်"လို့ လူနာကို အားပေး စကားပြောပါတယ်။ သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်း ပြောရတာ ကိုယ့်သိက္ခာနဲ့ အဆင့်အတန်းကို ဖော်ပြနေသလိုပဲလို့ ယုံကြည်ထားပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ရိုးသားရမှာဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက် ရိုးသားရမယ်ဆိုတဲ့နေရာမှာ သူများပစ္စည်း မတရားယူတာ၊ လိမ်ညာတာကို မဆိုလိုပါဘူး။ လူနာနဲ့ဆက်ဆံတဲ့အခါ ရိုးသားတဲ့စိတ်နဲ့ အမှန်တရားကို ပြောဆိုဖို့ပါ။ ကိုယ်မကျွမ်းကျင် မပိုင်နိုင်တဲ့ရောဂါကို ကိုယ်ထက်တတ်ကျွမ်းတဲ့သူထံ လွှဲပြောင်းအပ်နှံပေးဖို့ပါ။ ကိုယ့်ထက်ငယ်ချင်ငယ်မယ်၊ ဒီရောဂါကို အဲဒီဆရာဝန်ကမှ ကုသပေးနိုင်မယ်ဆိုရင် လူနာကို ပွင့်လင်းရိုးသားစွာပြောပြီး အချိန်မီလွှဲအပ်ရပါတယ်။ လူနာမှတ်တမ်းမှာ ယခင်က ကိုယ့်ရဲ့ကုသချက်တွေကို ရေးသားပြီး လက်မှတ်ထိုးပါတယ်။ တာဝန်ယူတဲ့သဘောပါ။

ဒါကြောင့် ကျွန်မလေ ညအိပ်တိုင်း အိပ်ပျော်တယ်။ "လိပ်ပြာသန့်တယ်" ဆိုတဲ့ ခေါင်းအုံးလေးကို ညတိုင်းအုံးပြီး အိပ်နေလို့ပါပဲ။ မနေ့က ကျွန်မနဲ့ ဒီနေ့ကျွန်မပဲ ပြိုင်ဆိုင်တယ်။ ဒီနေ့ ကျွန်မ ဘယ်လို အကုသိုလ်မှ မလုပ်ဘူး၊ ဘာအမှားမှ မလုပ်ဘူး။ မိမိရှေ့မှာရှိနေတဲ့ လူနာတစ်ယောက်အပေါ်မှာပဲ စိတ်နှစ်ထားတယ်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုတယ်။ လူနာတွေကို ဝေဒနာ သက်သာစေချင်တယ်။ မြင်စေ၊ ကောင်းစေချင်တယ်။ ကျွန်မနှလုံးသားထဲမှာ အမြဲရှိနေ၊ ကိန်းနေတဲ့ "အနုပညာစိတ်"က ကျွန်မကို အကောင်းစိတ်၊ အဖြစ် စိတ်ကိုပဲ ဖန်တီးပြုမူပေးလို့ပါပဲ။

တစ်နေ့တာကို အနုပညာစိတ်နဲ့ ဖြတ်သန်းရင်း မိမိလုပ်နိုင်တဲ့ အစွမ်းရှိသလောက် လုပ်နိုင်တဲ့ အချိန်ကာလတစ်ခုအထိ ဆက်လက်ရှင်သန်နေမယ်ဆိုတဲ့ စိတ်၊ ဘယ်အရာမှ မမြဲပါလား အားလုံးဟာ တစ်နေ့ထားခဲ့ကြရမှာ ဆိုတဲ့ တစ်စုံတစ်ရာကို ဆုပ်ယူဆွဲကိုင်မထားတဲ့စိတ်နဲ့ နေထိုင်ရတာ ပေ့ါပါးလွတ်လပ် အေးချမ်းလှပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်မ ပြောချင်တာကတော့ အနုပညာစိတ်က ရသပေါင်းစုံကို ပေးစွမ်းနိုင်၊ ခံစားနိုင်၊ ရရှိနိုင်ပါတယ်။ လောကီသာမက လောကုတ္တရာချမ်းသာအထိ ထောက်ကူပေးစွမ်းနိုင်ပါတယ်။ နေက္ခမဉာဏ်ရင့်သန်ရင် အရိယာအထိ တွန်းပို့တတ်တာလည်း "အနုပညာ"ပါပဲ။ ဝိပဿနာဆိုတာကလည်း ခန္ဓာကြီးကို အနုစိတ်ကြည့်ရှုပြီး ဓမ္မရသ၊ နေက္ခမရသ၊ သံဝေဂရသမြောက်အောင် ဉာဏ်ဖြင့်ဆင်ခြင်တဲ့ အနုပညာတစ်ရပ်ဖြစ်ပါတယ်။

လူသားတို့ရဲ့ ပထမဆန္ဒဟာ အသက်ရှင်လိုမှုပဲ ဖြစ်ပါတယ်။ အသက်ရှင်မှု၊ ကျန်းမာမှုကို ဖြည့်စွမ်းပေးနိုင်တဲ့ ဆရာဝန်များအနေနဲ့ မိမိကို အားကိုးကြတဲ့ လူနာများအပေါ်မှာ အနုပညာမြောက်သော စိတ်နှလုံးသားကို အရင်းတည်ပြီး အနုပညာမြောက်သော ကုသမှုများကို ပိုင်ဆိုင်ပေးဆပ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။ ။

> **တစ်နေ့တာကို အနုပညာစိတ်နဲ့ ဖြတ်သန်းရင်း မိမိလုပ်နိုင်တဲ့ အစွမ်းရှိသလောက် လုပ်နိုင်တဲ့ အချိန်ကာလတစ်ခုအထိ ဆက်လက်ရှင်သန်နေမယ်ဆိုတဲ့ စိတ်၊ ဘယ်အရာမှ မမြဲပါလား အားလုံးဟာ တစ်နေ့ထားခဲ့ကြရမှာဆိုတဲ့ တစ်စုံတစ်ရာကို ဆုပ်ယူဆွဲကိုင်မထားတဲ့စိတ်နဲ့ နေထိုင်ရတာ ပေ့ါပါးလွတ်လပ် အေးချမ်းလှပါတယ်**



## အမ်းမြို့တွင် လူကုန်ကူးခြင်းဆိုင်ရာအကြောင်းသိကောင်းစရာနှင့် သက်ငယ်မုဒိမ်းမှု တားဆီးတိုက်ဖျက်ရေး အသိပညာပေး

**အမ်း ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ လူသရမ်ဝေါလ် ဖက်ဒရေးရှင်း(မြန်မာ)၏ စီစဉ်ဆောင်ရွက်မှုဖြင့် လူကုန်ကူးခြင်းဆိုင်ရာအကြောင်း သိကောင်းစရာနှင့် အိမ်တွင်းအကြမ်းဖက်မှု (သက်ငယ်မုဒိမ်း) တားဆီးတိုက်ဖျက်ရေး အသိပညာပေး ဆွေးနွေးပွဲကို စခမ်းမော်ကျေးရွာ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

လူကုန်ကူးခြင်းမခံရအောင် ကြိုတင်ကာကွယ်ရေး လူကုန်ကူးမှုဖြစ်ပွားစေနိုင်သည့် အချက်အလက်နှင့် နောက်ဆက်တွဲဆိုးကျိုးများ စိန်ခေါ်မှုများအကြောင်း၊ သက်ငယ်မုဒိမ်းမှုတားဆီးတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးစိုးလင်း၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းအိမွန်နှင့် မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ထွေးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာနေပြည်သူများက သိရှိလိုသည့် အချက်အလက်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဗြိတိသျှသံရုံးအဆောက်အအုံအား မြို့ပြအမွေအနှစ် ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအနေဖြင့် ရန်ကုန်မြို့ရှိ အထင်ကရ အမွေအနှစ်အဆောက်အအုံများတွင် အပြာရောင် ကမ္ပည်းပြားများ တပ်ဆင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကမ်းနားလမ်းပေါ်ရှိ ဗြိတိသျှသံရုံးအဆောက်အအုံအား ၂၈ ခုမြောက် ကမ္ပည်းပြားတပ်ဆင်ကြောင်း သိရသည်။

**ထိန်းသိမ်းစောင့်ရှောက်**

"ဒီအဆောက်အအုံက ဗိသုကာလက်ရာက တော်တော်ကောင်းပါတယ်။ နောက်တစ်ခုကတော့ ဗြိတိသျှကောင်စီစာကြည့်တိုက်ရှိတဲ့နေရာဖြစ်တော့ ဒါဟာ ဗြိတိန်အစိုးရနဲ့ပဲ သက်ဆိုင်တာမဟုတ်ဘဲနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေနဲ့လည်း ဆက်စပ်ပတ်သက်နေတဲ့ နေရာတွေရှိပါတယ်။ စာကြည့်တိုက်တစ်ခု မြို့လယ်ကောင်မှာရှိနေတာဟာ ကျောင်းသားတွေအတွက် အသုံးဝင်ပြီးတော့ နိုင်ငံတကာပညာသင်ဖို့ဆိုရင်လည်း ဒီကနေအများကြီး အကျိုးပြုခဲ့တာတွေရှိပါတယ်" ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာဒေါ်မိုးမိုးလွင်က ပြောသည်။

အဆိုပါ အဆောက်အအုံကို မူလက ဂလပ်စကိုမြို့အခြေစိုက် J. and F. Graham & Co., ၏ ရုံးချုပ်အဖြစ် ၁၉၀၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ရန်ကုန်ရုံးခွဲကို ဖွင့်လှစ်ခဲ့ကြောင်း၊ သင်္ဘောလိုင်းများနှင့် အာမခံကုမ္ပဏီများ၏ ကိုယ်စားလှယ် အဖြစ်သာမက နိုင်ငံခြားမှ အထွေထွေကုန်စည်များ မြန်မာနိုင်ငံသို့ တင်သွင်းပြီးဆန်နှင့် မြန်မာ့ထွက်ကုန်များ တင်ပို့ခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းထား**

ထို့နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသောအခါ ယင်းအဆောက်အအုံကို ပေါင် ၆၄၀၀၀ ဖြင့် ၁၉၄၈ ခုနှစ်တွင် ရောင်းချခဲ့ပြီး ဗြိတိသျှသံရုံးအဖြစ် စတင်အသုံးပြုခဲ့ကြောင်း၊ ဗြိတိသျှကောင်စီစာကြည့်တိုက်ကို ၁၉၆၆ ခုနှစ်တွင် ရန်ဒါဟောက်စ် (ယခု ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ပြည်တွင်းအခွန်ဦးစီးဌာန) မှ ရွှေ့ပြောင်းခဲ့ပြီး စာအုပ်များကို သိမ်းဆည်းထားကာ ၁၉၇၈ ခုနှစ်တွင် ဗြိတိသျှသံရုံး၏ ယဉ်ကျေးမှုဌာနအဖြစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အဆောက်အအုံဟာ မြန်မာနိုင်ငံနဲ့ ဗြိတိန်နိုင်ငံကို ချိတ်ဆက်ပေးတဲ့ နေရာတစ်ခုအဖြစ် နှစ်ပေါင်းများစွာ တည်ရှိခဲ့ပြီးဖြစ်ပါတယ်။ မြေညီထပ်မှာရှိတဲ့ စာကြည့်တိုက်နဲ့ အဆောက်အအုံရဲ့ တချို့နေရာတွေကို မကြာသေးမီက ပြန်လည်မွမ်းမံထားပြီး ဗြိတိသျှကောင်စီနဲ့ ဗြိတိန်နိုင်ငံကိုလာရောက်မယ့် မျိုးဆက်သစ်တွေကို နောင်နှစ်ပေါင်းများစွာအထိ ဝမ်းမြောက်စွာ ကြိုဆိုနိုင်ဖို့ မျှော်လင့်မိပါတယ်" ဟု ဗြိတိသျှကောင်စီ၏ မြန်မာနိုင်ငံဒါရိုက်တာ Dr. Richard Sunderland က ပြောသည်။

အခမ်းအနားသို့ ဗြိတိသျှသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **ဇာနည်မောင်**

## ရုပ်သံများတွင်ထုတ်လွှင့်လျက်ရှိသော ဆေးလိပ်သောက်ခန်းများသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ဥပဒေနှင့် ညီညွတ်မှုမရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
အချို့သော ရုပ်ရှင်ကားများ၊ ရုပ်သံချန်နယ်လိုင်းမှ ထုတ်လွှင့်မှုများ၊ ဗီဒီယိုကားများတွင် ဆေးလိပ်သောက်ခန်းများ ပါရှိနေခြင်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ဥပဒေကို ဝိုင်းဝန်းလိုက်နာ အကောင်အထည်ဖော်မှု အားနည်းနေကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာဦးသန်းစိန်က ပြောသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ပံ့ပိုးခြင်း၊ တားမြစ်ခြင်းနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်းများ ထုပ်ပိုးခြင်းများတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားတံဆိပ်ရေးသားခြင်း ဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပသည်။

**ပညာပေးရုပ်ပုံ**

"ရုပ်ရှင်ကားတွေ၊ ရုပ်သံချန်နယ်တွေ၊ သတင်းစာတွေ၊ ဗီဒီယိုကားတွေမှာ ဆေးလိပ်ကြော်ငြာ မပါရဆိုတာရှိပါတယ်။ သို့သော် တချို့ရုပ်ရှင်ကားတွေမှာ တောက်လျှောက် ဆေးလိပ်သောက်ခန်းတွေ ပါရှိနေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆေးလိပ်သောက်ခန်းတွေ မပါရဘူးလို့ အမိန့်ကြော်ငြာချက်တွေလည်း ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ရုပ်ရှင်မှာ မပါမဖြစ် ဆေးလိပ်သောက်တဲ့အခန်း ပါခဲ့သည်ရှိသော် ရုပ်ရှင်ကားမပြခင်မှာ ဆေးလိပ်နဲ့ပတ်သက်တဲ့ ပညာပေးစာသားနဲ့ ပညာပေးရုပ်ပုံကားချပ်များ အရင်ထိုးပြရမှာဖြစ်ပါတယ်။ ပြီးမှ ရုပ်ရှင်ကားကို ဆက်ပြရမှာဖြစ်ပါတယ်" ဟု ဒေါက်တာဦးသန်းစိန်က ပြောသည်။

မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ၂၀၀၆ ၏ အခန်း ၈ ပုဒ်မ (၁၁) တွင် ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်း၊ ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ဖြန့်ဝေခြင်း၊ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ဗီဒီယိုကားများတွင် ထုတ်လွှင့်ပြသပါကဥပဒေအရ အပြစ်ပေးအရေးယူနိုင်ကြောင်း သိရသည်။

**စာတန်းထိုး**

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ဥပဒေ ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း အချို့သော စီးကရက်ဘူးခွံများပေါ်တွင် ကျန်းမာရေးသတိပေးစာတန်းနှင့် ရုပ်ပုံကားချပ်များ ဖော်ပြခြင်းမရှိဘဲ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း၊ ဆေးပေါ့လိပ်နှင့်ဆေးပြင်းလိပ်များတွင် ကျန်းမာရေးသတိပေးစာတန်း ဖော်ပြထားခြင်း လုံးဝမရှိကြောင်း၊ ယခုအခါ နိုင်ငံပေါင်း ၁၉၀ ကျော်တွင် နိုင်ငံပေါင်း ၁၀၀ ကျော်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေစိစစ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆင်ဆာအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ရေဒီယိုနှင့် ရုပ်သံချန်နယ်များမှ တာဝန်ရှိ သူများ၊ WHO မှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်အထိ ဆက်လက်ဆွေးနွေးကြောင်း သိရသည်။ **မြင့်မောင်စိုး**

## Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ကို စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးသံတမန်အဖြစ် အပ်နှင်း

**မုံရွာ ဖေဖော်ဝါရီ ၂၆**
ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီနှင့် ဂျပန်ရိုးရာအကအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်ညတွင် မုံရွာမြို့မြို့တော်ခန်းမ၌ အခမဲ့ကပြဖျော်ဖြေရာ ခန်းမပြည့်အားပေးခဲ့ကြသည်။ Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ကို တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သံတမန်ကို တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပေးအပ်သည်။

Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ကို တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် ဂျပန်နိုင်ငံနဲ့ နိုင်ငံတကာကို သွားရောက်ဖျော်ဖြေတင်ဆက်တဲ့အခါ တိုင်းဒေသကြီးရဲ့နှစ်သက်ဖွယ်ကောင်းတဲ့ အရာတွေကိုပြောပြပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် နှိုးဆော်တိုက်တွန်းပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။ Manjus-haka ဂျပန်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ကို တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသံတမန်အဖြစ် အပ်နှင်းပါတယ်။ တိုင်းဒေသကြီးခရီးသွား မြှင့်တင်ရေးမှာ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပေးသွားမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီး ဦးစိုးဦးက ပြောကြားသည်။

ချစ်ကြည်ရေးကပွဲတွင် ဝန်ကြီး ဦးစိုးဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး Manjus-haka မဉ္ဇူသကနတ်ပန်းအဖွဲ့၏ တည်ထောင်သူ ဒါရိုက်တာ ဒီဇိုင်နာ ထုတ်လုပ်သူ အကြဲပေး Ma Ma Rosa အကြောင်းကို မိတ်ဆက်ကာ ကဏ္ဍ ၁၃ ခုခွဲ၍ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူ တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းမိသားစုရိုးရာ ထီးအက၊ ချင်းမိသားစု ဗိုမီးရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၏ဇနီး ဒေါ်တင့်တင့်က



ဂုဏ်ပြုပန်းစည်းပေးအပ်ကာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

Manjushaka ဂျပန်ရိုးရာယဉ်ကျေးမှု အကအဖွဲ့သည် နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီး၌ ကပြဖျော်ဖြေအပြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကပြဖျော်ဖြေကာ ဂျပန်နိုင်ငံသို့ ပြန်ကြမည်ဖြစ်ကြောင်း သိရ သည်။

"ဂျပန်အကအဖွဲ့က နိုင်ငံတကာမှာ လှည့်လည် ကပြနေတဲ့အတွက် ဒါတွေကို တခြားနိုင်ငံတွေမှာ မြန်မာနိုင်ငံအကြောင်းကို ခရီးစဉ်တွေချပြကြမှာဆိုတော့ အကျိုးအများကြီးရှိမှာပါ။ မြန်မာနိုင်ငံအကြောင်း တခြားနိုင်ငံတွေကသိရင် မြန်မာနိုင်ငံကို ခရီးသွားဧည့်သည်တွေ ပိုဝင်လာမယ့် အကျိုးကျေးဇူးတွေရပါမယ်" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အသိပညာပေး ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ကွမ်းခြံကုန်းမြို့နယ်သို့ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးမှ မူခင်းအသိပညာပေးယာဉ်လာရောက်ပြီး မူခင်းအကြောင်းသိကောင်းစရာ၊ ဆောင်ရန် ရှောင်ရန် ပြကွင်းပြကွက်များကို ဒေသခံပြည်သူများ ဗဟုသုတရရှိစေရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူ ဦးဆောင်၍ ရှင်းလင်းပြသဟောပြောခဲ့ကြောင်း သိရသည်။

**မင်းသော်တာ**

## တောရိုင်းတိရစ္ဆာန်များ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုလျှော့ချရေး ဆွေးနွေး

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနက ကျင်းပသော တောရိုင်းတိရစ္ဆာန်များ တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုလျှော့ချရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက Royal Taunggyi Hotel ၌ ကျင်းပသည်။

ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့(WWF -Myanmar) ဦးအောင်ကျော်က ကုန်သွယ်မှုပြုလုပ်သည့် အဓိကအကြောင်းများ၊ တရားမဝင်ကုန်သွယ်မှု၏ သက်ရောက်မှုများ၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ရှမ်းပြည်နယ်အတွင်း တောရိုင်းတိရစ္ဆာန် တရားမဝင်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာအခြေအနေနှင့် တားဆီးအရေးယူဆောင်ရွက်မှုများ၊ အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထိန်းသိမ်း ဆောင်ရွက်မှုအခြေအနေများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



**ဖေဖော်ဝါရီ ၂၅ ရက်က ရခိုင်ပြည်နယ် ငပလီကမ်းခြေ အပန်းဖြေစခန်းသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို တွေ့ရစဉ်။**
(ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများသည် ယခုပွင့်လင်းရာသီ အောက်တိုဘာလမှစပြီး ငပလီကမ်းခြေသို့ လာရောက် အပန်းဖြေလျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ငပလီကမ်းခြေ ဟိုတယ်ဇုန်တစ်လျှောက်ရှိ ဟိုတယ်များနှင့် မိသားစုအလိုက် တည်းခိုကြသော လုံးချင်းအိမ်များတွင် ငှားရမ်းနေထိုင်သူများဖြင့် စည်ကားလျက်ရှိသည်။)
**မော်ကွန်း-မြင့်အောင်**



## ကသာမြို့နယ်တွင် တရားမဝင် သစ်ထုတ်လမ်းကြောင်းများ ဖျက်ဆီး

**ကသာ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ဖက်ဆွတ်သစ်တောကြိုးဝိုင်းနှင့် အောင်ပုံသစ်တောကြိုးဝိုင်းအတွင်းရှိ တန်းဝင်သစ်ပင်များနှင့် အခြားသစ်ပင်များသစ်မှောင်ခိုများမှ ခုတ်လှဲ၊ ခိုးယူသယ်ဆောင်နိုင်ခြင်းမရှိစေရန် သယ်ဆောင်နိုင်မည့်လမ်းကြောင်းများအား ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဖေဖော်ဝါရီ ၂၄ ရက်က စက်ယန္တရားကြီးများဖြင့် ကျင်းတူးခြင်း၊ လမ်းကြောင်းဖျောက်ဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဤကဲ့သို့ပြုလုပ်ရခြင်းမှာ သစ်တောကြိုးဝိုင်းအတွင်း သယ်ယူရာလမ်းကြောင်းများရှိနေပါက သစ်မှောင်ခိုများအနေဖြင့် အလွယ်တကူ သွားလာသယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သယ်ဆောင်နိုင်သော လမ်းကြောင်းများအား ကြိုတင်ဖျက်ဆီးထားခြင်းအားဖြင့် သစ်မှောင်ခိုသမားများအတွက် အဟန့်အတားတစ်ခုဖြစ်နေပြီး သစ်ခိုးထုတ်မှုလျော့နည်းသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းက ပြောသည်။

**လူအောင်(ကသာ)**

## အနုပညာသတင်း

## ဒုတိယမြောက်ရင်သွေးလေး လွယ်ထားရတဲ့ ကင်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကင်တေဟီးတို့မှာ ဒုတိယမြောက်ရင်သွေးလေး ရရှိနေပြီဖြစ်ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ ကင်တေဟီးဟာ သမီးဦးလေးကိုမွေးဖွားခဲ့ပြီးနောက် ဒုတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုဝမ်းသာစရာသတင်းကောင်းကို ရိန်းနဲ့ကင်တေဟီးတို့ဟာ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်အသိပေးလာတာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ ကင်တေဟီးရဲ့အေဂျင်စီဘီစီကုမ္ပဏီက ကင်တေဟီးအနေနဲ့ ဒုတိယမြောက်ရင်သွေးလေး လွယ်ထားရပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးခဲ့တာ ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဒုတိယမြောက်ရင်သွေးလေးကို လာမယ့် စက်တင်ဘာလအတွင်း မွေးဖွားမှာဖြစ်တယ်လို့ သိရပါတယ်။

ရိန်းနဲ့ကင်တေဟီးတို့ရဲ့ သမီးဦးလေးကိုတော့ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း မွေးဖွားခဲ့တာဖြစ်ပါတယ်။ ဒုတိယမြောက်ရင်သွေးလေးရရှိခဲ့တဲ့အပေါ် ကင်တေဟီးက အလွန်ဝမ်းမြောက်နေပြီး လတ်တလောမှာတော့ကျန်းမာရေးကိုသာ ဂရုစိုက်ဖြစ်နေတယ်လို့ သိရပါတယ်။



## ဆယ်လီနာဂိုမက်ဇ်ရဲ့စံချိန်ကို ကျော်လွန်ခဲ့တဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာတော့ ဆယ်လီနာဂိုမက်ဇ်ယခင်ကတင်ထားခဲ့တဲ့ စံချိန်တစ်ခုကိုကျော်လွန်ခဲ့တာ ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာတော့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်လိုဝါအများဆုံး ပိုင်ဆိုင်ထားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်လာခဲ့ပြီး ယခင်က ဖော်လိုဝါအများဆုံး ပိုင်ဆိုင်ထားတဲ့ ဆယ်လီနာဂိုမက်ဇ်ကို နောက်ချန်ထားနိုင်ခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ ၂၅ နှစ်အရွယ် အရီရန်နာဂရန်းဒ်တို့ရဲ့ ဖော်လိုဝါအရေအတွက်ဟာ အများကြီးတော့ကွာခြားနေတာ မဟုတ်ပါဘူး။ လက်ရှိမှာ ဘေဘုတ်ကထုတ်ပြန်တဲ့ အချက်အလက်တွေအရ အရီရန်နာဂရန်းဒ်မှာ ဖော်လိုဝါ ၁၄၆ ၂၈၆၁၇၃ ဦး ရှိနေတာဖြစ်ပြီး ဆယ်လီနာဂိုမက်ဇ်မှာတော့ ၁၄၆ ၂၆၇၈၀၁ ရရှိထားတာဖြစ်တယ်လို့ သိရပါတယ်။

အရီရန်နာဂရန်းဒ်ကို ယခုလို လူမှုကွန်ရက်မီဒီယာပေါ်မှာ ပရိသတ်များလာစေခဲ့တဲ့ အကြောင်းအရင်းတွေဟာလည်း ရှိနေခဲ့ပါတယ်။ ပေါ့ပ်ကြယ်ပွင့်နဲ့ စေ့စပ်ထားတဲ့ချစ်သူ ရုပ်သံသရုပ်ဆောင် ပီးထ်ဒေးဗစ်ဆန်တို့ရဲ့ဇာတ်လမ်းဟာလည်း အရီရန်နာဂရန်းဒ်ရဲ့အင်စတာဂရမ်ကို လူအများစိတ်ဝင်စားစေခဲ့တဲ့ အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်နဲ့ ပီးထ်ဒေးဗစ်ဆန်တို့ဟာ ချစ်သူတွေဖြစ်နေကြောင်း ရုတ်တရက်ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ချစ်သူသက်တမ်း အချိန်တိုအတွင်းမှာပင် စေ့စပ်ကြောင်းလမ်းခဲ့ကြပြီး တရားဝင်လက်တွဲခဲ့ကြ ပါတယ်။ ဒါပေမယ့် အရီရန်နာဂရန်းဒ်ရဲ့ ချစ်သူဟောင်းဖြစ်တဲ့ တေးသံရှင်မက်ခ်မေလာ ရုတ်တရက်ကွယ်လွန်ပြီးနောက် အရီရန်နာဂရန်းဒ်နဲ့ ပီးထ်ဒေးဗစ်ဆန်တို့ လမ်းခွဲခဲ့ကြပါတယ်။ လမ်းခွဲပြီးနောက်ပိုင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြချက်တွေဟာလည်း အများကိုစိတ်ဝင်စားစေခဲ့တာဖြစ်ကြောင်း သိရပါတယ်။



## လာမယ့်မတ်လအတွင်း စစ်မှုထမ်းဆောင်မယ့် လီဂျွန်ဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့မင်းသား တစ်ဦးဖြစ်သူ လီဂျွန်ဆပ်ဟာ မကြာမီမှာ စစ်မှုထမ်းဆောင်တော့မှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ မင်းသားရဲ့ စစ်မှုစတင်ထမ်းဆောင်မယ့်နေ့ကို ထုတ်ဖော်အသိပေးခဲ့ရာမှာတော့ လာမယ့် မတ် ၈ ရက်မှာစတင်ထမ်းဆောင်တော့မှာဖြစ်တယ်လို့ အောလကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ လီဂျွန်ဆပ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသားဟာ စစ်မှုထမ်းဆောင်ရာမှာတော့ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်မှာမဟုတ်ဘဲ လူမှုရေးလုပ်ငန်းတွေကို နှစ်နှစ်ကြာလုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်သွားမှာဖြစ်တယ်လို့ တစ်ပါတည်း အသိပေးခဲ့ပါတယ်။ လီဂျွန်ဆပ်ဟာ အသက် ၁၆ နှစ်အရွယ်မှာ ယာဉ်တိုက်မှုဖြစ်ခဲ့ပြီး ရရှိခဲ့တဲ့ ဒဏ်ရာကြောင့် စစ်သားတစ်ဦးအဖြစ် အချိန်ပြည့်တာဝန်မထမ်းဆောင်နိုင်တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လီဂျွန်ဆပ်ရဲ့ဒရမ်မာရုပ်ရှင်သစ် ရိုက်ကူးရေးဟာလည်း လာမယ့်မတ်လအစပိုင်းမှာ အပြီးသတ်မှာဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်နေတဲ့ နှစ်နှစ်တာအတွင်းမှာ ပရိသတ်တွေအနေနဲ့ လီဂျွန်ဆပ်ရဲ့ အနုပညာဖန်တီးမှုအသစ်တွေကို လွမ်းမောနေရမှာ ဖြစ်ပါတယ်။



# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်နှင့် ယူနန်-မန္တလေးရထားလမ်းအကြောင်း တစေ့တစောင်း

အောင်ကျော်ကျော်၊ မြင့်မြင့်ချို

နေပြည်တော် ဖေဖော်ဝါရီ ၂၆

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်နှင့် ယင်းအစီအစဉ်အောက်တွင်ပါရှိသည့် အဓိကစီမံကိန်းကြီးတစ်ခုဖြစ်သည့် ယူနန်-မန္တလေး ရထားလမ်းသစ်ဖောက်လုပ်ခြင်းစီမံကိန်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို သတင်းအဖွဲ့က မေးမြန်းခဲ့သည်။



မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရုတ်သံမှူး ရှစ်ကိုရှောင်

**မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရုတ်သံမှူး ရှစ်ကိုရှောင်**

**မေး။ ။တရုတ်-မြန်မာ နယ်စပ်မှာ လက်ရှိဆွေးနွေးနေတဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး သိပါရစေ။**

တရုတ်ပြည်မှာ နယ်စပ်စီးပွားရေးက အရေးကြီးတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် တရုတ်ဘက်က အလေးထားပါတယ်။ အခုဆိုရင် တရုတ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီးတော့ ဒီစီးပွားရေးဇုန်ကို ဖော်ဆောင်နေပါတယ်။ အဓိက ပထမကဏ္ဍအနေနဲ့တော့ မူဆယ်-ရွှေလီ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းဖြစ်ပါတယ်။

အဲဒီစီမံကိန်းက ကြီးမားတဲ့စီမံကိန်းဖြစ်ပါတယ်။ နောက်ပြီး တရုတ်နဲ့ မြန်မာ သက်ဆိုင်ရာ ဌာနတော်တော်များများ ပါဝင်နေပါတယ်။ အဲဒါကြောင့် တစ်ခါတည်း ပြီးအောင်လုပ်နိုင်တာ မဟုတ်ပါဘူး။ ဒီစီမံကိန်းအောင်မြင်အောင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို ဖိုရမ်တစ်ခု ကျင်းပကာ နှစ်နိုင်ငံဘက်က သက်ဆိုင်ရာဌာနတွေ ဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်ကြတော့ ပိုကောင်းတာပေါ့။ အမြင်ချင်း ဆွေးနွေးဖလှယ်လို့ရတာပေါ့။ နောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးအနေနဲ့လည်း ဒီစီမံကိန်း အောင်မြင်အောင် ကြိုးစားဆောင်ရွက်မှာပါ။

**မေး။ ။တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အောင်မြင်အောင် ဒီဆွေးနွေးပွဲ ရလဒ်က အဓိကကျနေပါတယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲမှာ ဘယ်အတိုင်းအတာအထိ အောင်မြင်မှုတွေ ရခဲ့ပါသလဲ။**

အခုဆိုရင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲကော်မတီ အစည်းအဝေးနဲ့ ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်မှာ အောင်မြင်မှုတွေ တော်တော်များများ ရရှိခဲ့ပါတယ်။ နှစ်ဖက်စလုံး စိတ်ဝင်စားတဲ့ အရေးကြီးတဲ့ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ ထဲထဲဝင်ဝင် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နောက်ပြီး မြန်မာဘက်ကလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနဲ့ တရုတ်-မြန်မာ ရထားလမ်း စီမံကိန်းနှစ်ခုကို စီးပွားရေးစင်္ကြံအစီအစဉ်အောက်မှာ ထည့်သွင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မှာပါ။ ဒီစီမံကိန်းနှစ်ခုကို ဦးစားပေးဆောင်ရွက်မှာပါ။ ဘာကြောင့်လဲဆိုရင် ဒီစီမံကိန်းနှစ်ခုက နှစ်နိုင်ငံ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးမှာ အထောက်အကူပြုမှာ သေချာပါတယ်။ ဒါတင်မကသေးပါဘူး။ မြန်မာနိုင်ငံတစ်ခုလုံးရဲ့ စီးပွားရေးတိုးတက်မှုကိုလည်း အထောက်အပံ့ပေးမှာလို့ ကျွန်တော်ထင်ပါတယ်။ တရုတ်ဘက်ကလည်း အဲဒီစီမံကိန်းကို လုပ်ဆောင်မယ့် ကုမ္ပဏီတွေကို တွန်းအားပေးမှာပါ။ နောက်ပြီး လေးလပိုင်းမှာ ကျင်းပမယ့် ရပ်ဝန်းနဲ့ ပိုးလမ်းမ စီမံကိန်း ထိပ်သီးဖိုရမ်မှာလည်း အကျိုးရလဒ်ကောင်းရရှိဖို့ ကြိုးစားမှာပါ။

**မေး။ ။ဖိုရမ်ဆွေးနွေးပွဲတွေမှာ ဘယ်လိုအချက်တွေက အခက်အခဲရှိပြီးတော့ ဘယ်အချက်တွေကို သဘောတူညီနိုင်ခဲ့ပါသလဲ။**

တရုတ်-မြန်မာ နှစ်ဖက်စလုံး သက်ဆိုင်ရာ ဌာနတွေအနေနဲ့က ပွင့်ပွင့်လင်းလင်းဆွေးနွေးကြဖို့ ဆန္ဒရှိတဲ့အတွက် အခက်အခဲမရှိပါဘူး။ နောင်လာမယ့် ဆွေးနွေးပွဲတွေမှာလည်း အခက်အခဲမရှိနိုင်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။

**မေး။ ။တရုတ်အစိုးရဘက်က ဘယ်လို ရင်းနှီးမြှုပ်နှံမှာပါလဲ။**

ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး တရုတ်ဘက်က မြန်မာနိုင်ငံရဲ့ဘတ်ဂျက်အခက်အခဲကို ထည့်သွင်းစဉ်းစားမှာပါ။ ဒီစီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးကို စိုက်ထုတ်မှာပါ။

**မေး။ ။ဒီစီမံကိန်း အောင်မြင်သွားပြီဆိုရင် ရလာတဲ့အကျိုးရလဒ်တွေကို ဘယ်လို ခွဲဝေမလဲ သိပါရစေ။**

စီမံကိန်းတွေက တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းတဲ့စီမံကိန်းတွေဖြစ်ပေမယ့် အဓိကကတော့ ကုမ္ပဏီပဲဖြစ်ပါတယ်။ အဲဒါကြောင့် စီမံကိန်းလုပ်ဆောင်တဲ့အခါမှာ ဈေးကွက်စီးပွားရေးစနစ်နဲ့သွားရမှာပါ။ နောက်ပြီးတော့ ကုန်သွယ်မှုကိုလည်း မူဝါဒနဲ့အညီသွားရမှာပါ။ စီမံကိန်းအောင်မြင်သွားရင် နှစ်ဖက်စလုံး ချုပ်ဆိုမယ့် စာချုပ်ထဲမှာပါရှိတဲ့ သတ်မှတ်ချက်၊ ကန့်သတ်ချက်အတိုင်းပဲ သက်ဆိုင်ရာ အဖွဲ့တွေအနေနဲ့ အကျိုးစီးပွားခွဲဝေရမှာပါ။ ကုမ္ပဏီအနေနဲ့ အမြတ်ထွက်လာရင် ယူရမှာဖြစ်သလို ဆုံးရှုံးမှုတွေပေါ်ပေါက်လာရင်လည်း ခံရမှာဖြစ်ပါတယ်။ နောက်ပြီး အကျိုးအမြတ်ခွဲတဲ့အခါမှာ ကုမ္ပဏီနဲ့ အစိုးရကြားမှာ ချုပ်ဆိုထားတဲ့ စာချုပ်အရ ခွဲရမှာ ဖြစ်ပါတယ်။ အခွန်တွေလည်း ကျခံပေးရမှာပါ။

**မေး။ ။တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်နဲ့ပတ်သက်ပြီး ထင်မြင်ချက်ပေးစေလိုပါတယ်။**

တရုတ်-မြန်မာ နှစ်နိုင်ငံစလုံးက စီးပွားရေးစင်္ကြံဖော်ဆောင်ဖို့ ဆန္ဒရှိပါတယ်။ ဒါကြောင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေးနဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်ကို ခြောက်လအတွင်းမှာ နှစ်ကြိမ်တိုင်တိုင် လုပ်ဖြစ်ခဲ့ပါတယ်။ အောင်မြင်မှုတွေ တော်တော်များများ ရရှိပါတယ်။ စီမံကိန်းဖော်ဆောင်ပြီးတဲ့အခါမှာ နှစ်နိုင်ငံရဲ့စီးပွားရေးအတွက်ရော ပြည်သူများရဲ့လူမှုစီးပွားဘဝကိုပါ မြှင့်တင်ရာရောက်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

> **ဒီစီမံကိန်းနှစ်ခုက နှစ်နိုင်ငံ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးမှာ အထောက်အကူပြုမှာ သေချာပါတယ်။**

**ဦးအောင်ဝင်း (မြန်မာ့မီးရထား အထွေထွေမန်နေဂျာ)**

**မေး။ ။တရုတ်-မြန်မာ ရထားလမ်းနဲ့ ပတ်သက်ပြီး ဘယ်လိုအကောင်အထည်ဖော် ဆောင်ရွက်နေသလဲ သိပါရစေ။**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းမှာ အရေးကြီးတဲ့စီမံကိန်းတစ်ခုဖြစ်တဲ့ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းပါပါတယ်။ ဒီစီမံကိန်းဟာ အသစ်ဆောက်လုပ်ရမယ့် စီမံကိန်းဖြစ်ပါတယ်။ ဒီစီမံကိန်းလုပ်ဖို့အတွက် ဖြစ်နိုင်စွမ်းလေ့လာမှုကို ဆောင်ရွက်ဖို့အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့မှာ နှစ်ဦးသဘောတူစာချုပ် MoU ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ working group တွေ ဖွဲ့ပါတယ်။ လုပ်ငန်းများစတင်ခဲ့ပါတယ်။ အဓိကကတော့ မန္တလေးနဲ့ မူဆယ်ကြားမှာရှိတဲ့ မြေပြင်ဆန်းစစ်လေ့လာမှုတွေကို ကွင်းဆင်းပြီး တိုင်းတာပါတယ်။

**မေး။ ။ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဘယ်လို စီမံကြပါသလဲ။**

ရင်းနှီးမြှုပ်နှံမှုအတွက်ကတော့ ပုံစံအမျိုးမျိုးဖြစ်နိုင်ပါတယ်။ ပထမအနေနဲ့ စီးပွားရေးအရ တွက်ခြေကိုက်၊ မကိုက် ပြန်ချိန်ဆကြည့်ရပါမယ်။ ရထားလမ်းပတ်ဝန်းကျင်တွေမှာ ဖွံ့ဖြိုးမှုဘယ်လောက်ရှိသလဲဆိုတာ သေချာတွက်ချက်ရမယ်။ ပြီးမှ ရလဒ်များကိုကြည့်ပြီး စဉ်းစားဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းက လမ်းကြောင်းအသစ်ဖြစ်တဲ့အတွက်ကြောင့် လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ဒေသခံပြည်သူတွေအနေနဲ့ နယ်မြေတွေကို ဘယ်လောက်အထိ ဆုံးရှုံးထိခိုက်မှုရှိမလဲ ဆန်းစစ်မှာပါ။ ပတ်ဝန်းကျင်နဲ့ လူမှုရေး ဆန်းစစ်မှုတွေပါလုပ်ရမှာပါ။ ပြီးမှ အကျိုးအမြတ်တွေကို ပြန်တွက်ရမှာပါ။ စီးပွားရေးပုံစံကို Government to Government သွားရမှာလား။ PPP လား။ အစိုးရချေးငွေယူရမှာလားဆိုတာ အဲဒီတော့မှပဲ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

**မေး။ ။အစီအစဉ်အောင်မြင်သွားပြီးတဲ့အခါ ရလဒ်ထွက်ပေါ်မှုတွေကို ဘယ်လို ခွဲဝေသုံးမလဲ။**

အစီအစဉ်ပြီးသွားရင်တော့ ခုနက ပြောတဲ့ စီးပွားရေးအစီအစဉ်အပေါ် မူတည်ပါတယ်။ PPP ဆိုရင်တော့ မြန်မာ့မီးရထားနဲ့ သက်ဆိုင်ရာကုမ္ပဏီနဲ့ အကျိုးတူခွဲဝေရမှာပါ။ အစိုးရ-အစိုးရပုံစံဆိုရင် ချေးငွေတစ်ခုကို အခြေခံပြီးတော့ ကျွန်တော်တို့မီးရထားကပဲ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကလည်း ကျွန်တော်တို့ကပဲ ကျခံရမှာပါ။ အဲဒါကြောင့် ဒီစီမံကိန်းကလည်း ဘီလီယံနဲ့ချီပြီးကုန်တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒါကြောင့် ဆန်းစစ်မှုတွေပြီးမှ သေချာစဉ်းစားဆုံးဖြတ်သွားရမှာဖြစ်ပါတယ်။ ဒီစီမံကိန်းပြီးသွားရင် ကုန်စည်သယ်ဆောင်မှု၊ ခရီးသည်သယ်ဆောင်မှုအပြင် စီးပွားရေးအရလည်း ထိုက်သင့်တဲ့အကျိုးအမြတ်ရရှိဖို့ အလေးအနက်ထား ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ ။နိုင်ငံရဲ့ကုန်စည်စည်းကြပ်မှုတွေရော လိုက်နာရမှာလား။**

ကုန်စည်စည်းကြပ်မှုတွေကို လိုက်နာရမှာပါ။ နောက်တစ်ခုက ရထားလမ်း အဓိကဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်က ဒေသဖွံ့ဖြိုးရေးတင်မကဘူး၊ ကုန်စည်စီးဆင်းမှုတွေလည်း ပါပါတယ်။ ကားလမ်းနဲ့ယှဉ်ရင် ရထားလမ်းက အချိန်ပိုမြန်ပြီးတော့ ဘေးအန္တရာယ် ကင်းရှင်းပါတယ်။

**မေး။ ။ရထားအမျိုးအစားနဲ့ အရည်အသွေးကို ဘယ်လိုစီစဉ်ထားပါသလဲ။**

လက်ရှိ မြန်မာ့မီးရထားသုံးနေတာ narrow gate ပါ။ အခုကတော့ standard gate ပါ။ standard gate က နိုင်ငံတကာမှာလည်း သုံးတယ်။ အိမ်နီးချင်းတရုတ်နိုင်ငံမှာလည်း သုံးပါတယ်။ ဒါ့အပြင် ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေမှာလည်း တွင်တွင်ကျယ်ကျယ် သုံးနေပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ရည်ရွယ်တာက tri asia raillink ဆိုတာ ရှိပါတယ်။ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ တရုတ်၊ မြန်မာ ဖြတ်သန်းပြီးတော့ ဥရောပအထိ သွားမယ့် လမ်းကြောင်းကြီးဖြစ်ပါတယ်။ ဒီရထားလမ်းစီမံကိန်းဟာ အဲဒီလမ်းကြောင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာမှာပါ။ အဲဒါကြောင့် ဒီရထားလမ်းရဲ့ standard တွေကို တွက်ချက်ခဲ့တာပါ။ tri asia raillink နဲ့ ကိုက်ညီအောင်ပေါ့။

**မေး။ ။ဘယ်ကုမ္ပဏီနဲ့ ဆောက်လုပ်မလဲဆိုတာ သိပါရစေ။**

လက်ရှိအနေနဲ့ ဆန်းစစ်မှုတွေ လုပ်နေတာ CREC ကုမ္ပဏီက လုပ်နေပါတယ်။ CREC ကုမ္ပဏီက ယူနန်ပြည်နယ်နဲ့ မြန်မာနဲ့ ချိတ်ဆက်တဲ့လမ်းကြောင်းမှာ ဒီကုမ္ပဏီက အဓိကကျပါတယ်။ ဆန်းစစ်မှုတွေလုပ်တဲ့အခါ CREC က ကုန်ကျစရိတ်ကျခံရမှာပါ။ ပြီးနောက် ဆောက်လုပ်ရေးဘက်ကို ဦးတည်လာပြီဆိုရင်တော့ ယှဉ်ပြိုင်စနစ်နဲ့ တင်ဒါခေါ်ရမှာပါ။ တင်ဒါအောင်တဲ့အဖွဲ့က တည်ဆောက်ရေးတာဝန်ယူရမှာဖြစ်ပါတယ်။

**မေး။ ။စီမံကိန်း ဆောင်ရွက်တဲ့နေရာမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခက်အခဲတွေ ရှိလာခဲ့မယ်ဆိုရင် ဘယ်လိုဖြေရှင်းမလဲ ဆိုတာလေးသိပါရစေ။**

ဒီစီမံကိန်းက အသစ်ဆိုတော့ ဆောင်ရွက်တဲ့အခါမှာ အခက်အခဲတွေက အများကြီးရှိနိုင်ပါတယ်။ အဓိကဖြစ်နိုင်တာကတော့ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ နစ်နာဆုံးရှုံးတဲ့ ဒေသခံတွေကို ထိုက်သင့်တဲ့နစ်နာကြေးတွေ ပေးရမှာပါ။ ရထားလမ်းအရှည်က ၄၃၁ ကီလိုမီတာရှည်ပြီး ၁၁၅ ကီလိုမီတာလောက်က ဥမင်လိုဏ်ခေါင်းတွေ ဖြစ်ပါတယ်။ မြေပြင်မှာတင် ချဖောက်တဲ့လမ်းမဟုတ်ပါဘူး။ ဒါကြောင့် အခက်အခဲတွေရှိပါတယ်။ နည်းပညာတွေလိုတာပေါ့။ တရုတ်မှာလည်း နည်းပညာတွေ ရှိပါတယ်။ လုပ်ရမယ့်အရာတွေရယ်၊ ဖြေရှင်းရမယ့် အခက်အခဲတွေအများကြီး ရှိမှာပါ။ ဒါကို နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားမှာပါ။



ဦးအောင်ဝင်း
(မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ)

**မေး။ ။စီမံကိန်းနဲ့ပတ်သက်ပြီး ထင်မြင်ချက်ကို သိချင်ပါတယ်။**

ဒီစီမံကိန်းကတော့ မန္တလေး-မူဆယ် ရထားလမ်းက ကျွန်တော်တို့မြန်မာ့မီးရထားတင်မဟုတ်ပါဘူး။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက်ပါ အရေးပါပါတယ်။ ဒီစီမံကိန်းရဲ့ အဓိကရည်ရွယ်ချက်က မန္တလေး-မူဆယ် ကုန်စည်စီးဆင်းမှုက များပါတယ်။ တရုတ်နဲ့ မြန်မာ ကုန်သွယ်မှုက ကြီးပါတယ်။ ကျွန်တော်တို့ လယ်ယာထွက်ကုန်ပစ္စည်းတွေ ၄၀ ရာခိုင်နှုန်းက တရုတ်ပြည်ကို သွားနေပါတယ်။ တစ်ပြည်လုံးရဲ့ကုန်သွယ်မှုရော၊ ခရီးသွားလာမှုရော အဆင်ပြေမှာပါ။ အနယ်နယ်အရပ်ရပ်က ကုန်စည်တွေက မန္တလေးကနေပြီးတော့ တရုတ်ပြည်ကို ပို့ဆောင်နိုင်မှာပါ။ အကျိုးရလဒ်ကတော့ ဒေသခံပြည်သူတွေတင် မကပါဘူး။ တစ်တိုင်းပြည်လုံး ကုန်သွယ်မှုရော၊ ခရီးသွားလာမှုရော အဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်။

**မေး။ ။စီမံကိန်း တည်ဆောက်ချိန် ဘယ်လောက်ကြာနိုင်မလဲ။**

အရှည် ၄၃၁ ကီလိုမီတာ တည်ဆောက်မှာဆိုတော့ လမ်းမှာလည်း ဥမင်တွေ၊ တံတားတွေ ပါနေတယ်။ ဒါကြောင့် အနည်းဆုံး သုံးနှစ်ကနေ ငါးနှစ်အထိ ကြာနိုင်ပါတယ်။ ခန့်မှန်းခြေပေါ့။ အတိအကျကတော့ ဆန်းစစ်လေ့လာမှုတွေပြီးတော့ အသေးစိတ်ဒီဇိုင်းရေးဆွဲပြီးမှသာ ပြောနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ဒီစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေကို ဘယ်လိုချပြမလဲ။**

စီမံကိန်းက လေ့လာဆန်းစစ်မှုအဆင့်ပဲ ရှိသေးတော့ အချို့လောက်ပဲ သိပါတယ်။ ကနဦးမှာတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ သဘောထားမှတ်ချက်ယူတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တွေ အကုန်လုံးမေးပါတယ်။ ပြီးရင် လေ့လာဆန်းစစ်တဲ့အခါမှာတော့ ဒေသခံပြည်သူတွေနဲ့ တာဝန်ရှိသူတွေ တွေ့ဆုံပြီး ရှင်းပြသွားမှာပါ။ ဆန်းစစ်လေ့လာမှု နောက်ဆုံးအစီရင်ခံစာ ထွက်ပေါ်လာတဲ့အခါကျမှ ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် ချပြသွားမှာပါ။ ။


LOI HEIN CO., LTD. မှဖြန့်ဖြူးရောင်းချသည်
မြန်မာနိုင်ငံ ဒေသအနှံ့သို့
၂၀၁၉ ခုနှစ် - မတ်လ (၁) ရက်နေ့မှစ၍
စတင် ဖြန့်ဖြူးရောင်းချပါမည်။
ALPINE
TipTop
SOFT DRINK
ကျပ်
သိန်းပေါင်း
တစ်သောင်း
အဖုံးတွင်းကံစမ်းမဲအစီအစဉ်
သိန်းတစ်ရာဆု
ဆယ်သိန်းဆု
တစ်သိန်းဆု
တစ်သောင်းဆု
တစ်ထောင်ဆု
ကျပ်ငါးရာဆု
ကျပ်နှစ်ရာဆု
1 Bottle Free
သိန်းတစ်ရာဆုနှင့် ဆယ်သိန်းဆုများကို အမှတ် (၁၁၇) ဝါးတန်းလမ်းရှိ LOIHEIN CO.,LTD တွင်တိုက်ရိုက် ထုတ်ယူနိုင်ပြီး ကျန်ဆုမဲများကို နီးစပ်ရာဆိုင်များတွင် လဲလှယ်ထုတ်ယူနိုင်ပါသည်။
ကံစမ်းမဲလဲလှယ်ပေးသော အရောင်းဆိုင်များအနေဖြင့် 10 % အကျိုးခံစားခွင့် ရရှိပါမည်။
ALPINE
TipTop
SOFT DRINK
with
ORANGE
FLAVOUR
HIGH IN
Vitamin C
ALPINE
TipTop
SOFT DRINK
with
FLAVOUR

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးချုပ် သီရိပျံချီလွန်းသီ (ငြိမ်း)
**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)**
**သူရဲကောင်းမှတ်တမ်းဝင်**
**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)**
**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ကွမ်းခြံကုန်းမြို့မဲဆန္ဒနယ်)**
### အသက်(၈၀)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေ ဒေါ်ခင်မာအေး ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်သီရိပျံချီ လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးလွန်းသီ
**စွမ်းအင်ဝန်ကြီး (ငြိမ်း)**
### အသက်(၈၀)

ကျေးဇူးရှင် အဘ ဦးလွန်းသီအသက်(၈၀)သည် ၂၅-၂-၂၀၁၉ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်းဦးကြိုင်-ယဉ်ယဉ်ရှိန်**
**(မိသားစု)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ပါမောက္ခ ဒေါက်တာဒေါ်ခင်မမ (ဘီလူးကျွန်း၊ ချောင်းဆုံ)
**ဒုတိယပါမောက္ခချုပ်(စီမံ/ငြိမ်း)**
**ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
### အသက်(၇၂)နှစ်

ဒုတိယပါမောက္ခချုပ်-ငြိမ်း၊ ပါမောက္ခဒေါက်တာမောင်မောင်စံ (စာရေးဆရာ ကြည်မင်း/ကျော်စောမင်း)၏ ချစ်လှစွာသောဇနီး ဒေါက်တာခင်မမသည် ၂၀-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ဆရာမကောင်းရာသုဂတိလားပါစေ။

**မွန်စာ/ယဉ်ကော်မတီ (တက္ကသိုလ်များ-ရေဆင်း)မှ တပည့်ဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်လွင်(ခ)ဦးမောင်မောင်
**(ငွေဒါး ဖိနပ်တံဆိပ်လုပ်ငန်း)**
### အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ ဒေါ်နန်းသီသီလွင်၏ခင်ပွန်း၊ ကိုအောင်ကိုကိုလတ်-မနွယ်သူသူအောင်၊ ကိုသူရမောင်မောင်-မနှင်းဝတ်ရည်ဝင်း၊ ကိုရဲမင်းမင်းဦး-မဇူလိုင်နွယ်၊ စိုင်းပြည့်စုံမောင်မောင်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးမြင့်လွင်(ခ)ဦးမောင်မောင် (ငွေဒါးဖိနပ်တံဆိပ်လုပ်ငန်း) အသက်(၆၀)သည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပင်တိုင်ဖိနပ်လုပ်ငန်း မိသားစု(မန္တလေးမြို့)**

---

## ဦးမြသန်း အသက်(၈၀)
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အမျိုးသားမှတ်တမ်းများမော်ကွန်းဦးစီးဌာန**
**ရန်ကုန်တက္ကသိုလ်အနုပညာအသင်းဝင်**
**ဆိုကရေးတီး အကဲဖြတ်ဒိုင်လူကြီး**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၃)လမ်း၊ အမှတ်(၂၅၅)နေ ရန်ကုန်တက္ကသိုလ်သင်္ချာပါမောက္ခ ဦးအောင်လု (ခေတ္တရာအသင်းနာယကဟောင်း)၊ ဆိုဗီယက်မြန်မာယဉ်ကျေးမှုနှင့် ချစ်ကြည်ရေးအသင်းကြီး၏ ဥက္ကဋ္ဌ(ဟောင်း)-ရုပ်ရှင်မင်းသမီးကြီး A1 ဒေါ်မေသန်းတို့၏ သားကြီး၊ [ဦးသူရ-ဒေါ်လှလှမြင့်(တေးသံရှင် ခိုင်သန့်စင်)]တို့၏ အစ်ကိုကြီး၊ ကိုကျော်စွာလှိုင်၊ မချိုဇင်ဟန်၊ ကိုဝင်းထိန်၊ မနှင်းဝင့်သူ တို့၏ ဘကြီး သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွေးလှ (မြဝတီမြို့)
### အသက်(၆၄)နှစ်

မြဝတီမြို့ ရဲစိုက်ခင်းလမ်း၊ ကွက်သစ်ရပ်နေ (ဦးမောင်ဖြူ-ဒေါ်လှရင်)တို့၏ သမီး၊ (ဦးလှတင်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ မြဝတီမြို့နေ (ဦးမောင်ထွန်း)၊ (ဦးမောင်သိန်း)၊ ဒေါ်လှကြည်၊ ဒေါ်မြရီ၊ ဒေါ်တင်အေး၊ ဦးကောင်လေး၊ ဦးထွန်းသိန်းတို့၏ ညီမ၊ ဦးသားဖိုး၏ အစ်မ၊ ကိုမောင်မောင်-မသက်သက်လှိုင်၊ ကိုကောင်းမြတ်စံ၊ မောင်လှိုင်ဝင်းအောင်၊ မောင်စောအီနီဂါ တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဦးအောင်မြင့်၏ဇနီး ဒေါ်ထွေးလှသည် ၂၅-၂-၂၀၁၉ ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးမိုးဇော်ခိုင်
**လက်ထောက်ညွှန်ကြားရေးမှူး၊ လမ်းမတော်မြို့နယ်၊ လဝကဦးစီးမှူးရုံး**
### အသက် (၅၃) နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း(အောက်ဘလောက်)၊ အမှတ်(၁၁၈)၊ တတိယထပ်နေ (ဦးကျော်စိန်-ဒေါ်ရင်လှ)တို့၏သားသမက်၊ (ဦးချစ်-ဒေါ်လှမြင့်)တို့၏သား၊ ဒေါ်ခင်သက်ဦး(ဦးစီးအရာရှိ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဇေယျာမင်းထွဋ်(ခ)ဗိုလ်ဇေယျာရဲထွဋ် (တောင်ကြီး)၊ ဗိုလ်လောင်းဟိန်းထွန်းဇော်(တပ်မတော်၊ ဆေးတက္ကသိုလ်)တို့၏ဖခင် ဦးမိုးဇော်ခိုင်သည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)
**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊ သူရဲကောင်းမှတ်တမ်းဝင်**
**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**
**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့မဲဆန္ဒနယ်မြေ)**
### အသက် (၈၀)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေ ဒေါ်ခင်မာအေး၏ကျေးဇူးရှင်ခင်ပွန်း၊ ဦးဇော်လွန်း-ဒေါ်တင်မိုးသူ၊ ဒေါ်မြစိမ်းအေး၊ ဒေါက်တာဇင်မောင်လွန်း-ဒေါက်တာဇာခြည်ကိုတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မင်းဓမ္မလမ်း၊ မင်းဓမ္မလမ်းသွယ်၊ အမှတ်(2B)နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း) (ကွမ်းခြံကုန်းမြို့)
**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)၊ သူရဲကောင်းမှတ်တမ်းဝင်**
**အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူး(ငြိမ်း)**
**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**
**ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ကွမ်းခြံကုန်းမြို့မဲဆန္ဒနယ်မြေ)**
### အသက် (၈၀)

ကွမ်းခြံကုန်းမြို့ မင်းပိုင်းရပ်နေ (ဦးလှမောင်-ဒေါ်သက်ပု)တို့၏ သား၊ (ဦးကံညွန့်-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ (ဦးမြမောင်-ဒေါ်မြအေး)၊ (ဦးမောင်ကြီး-ဒေါ်တင်လှ)၊ (ဦးသန်းတင်)-ဒေါ်မြရီတို့၏ ညီ/မောင် သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ(ငြိမ်း)သည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတိုးအောင်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ကမာကြည်ကမ်းသာယာအိမ်ရာ(၃)၊ အမှတ်(၂၀/B)နေ ဦးမြ-ဒေါ်ခင်ညွန့်တို့၏သား၊ (ဦးတင်ဌေး)-ဒေါ်တင်ရီ၊ (ဒေါ်မေမေကြည်)တို့၏ မောင်၊ ဦးဇော်ဝင်းဌေး၊ ဦးပိုက်ထွေး-ဒေါ်ခင်မျိုးဌေး၊ ဦးသန်းဇော်ဌေး-ဒေါ်ဝင်းဝင်းမော်၊ ဦးအောင်မျိုးဌေး-ဒေါ်သန်းသန်းနွဲ့တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးတိုးအောင်(ခ)ဦးတိုးသည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် သဃ်ာန်းကျွန်းစံပြ ပြည်သူ့ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညီညီအောင် (၆၆)နှစ်
**A.E (ပြည်ခရိုင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးသန်းစိုး)-ဒေါ်စန်းကြည်တို့၏ သား၊ မန္တလေးမြို့နေ (ဦးထွန်းအောင်)-ဒေါ်လဲ့လဲ့ဝင်း တို့၏ သားသမက်၊ (ဦးသန့်ဇင်)-ဒေါ်စန်းစန်းဝေတို့၏ ညီ၊ ဦးထွဋ်ခိုင် (ကကငွေ-ငြိမ်း)-ဒေါ်ခင်လှ၊ ဦးဝင်းဦး(ဒု-ဗိုလ်မှူးကြီး-ငြိမ်း၊ အထွေထွေမန်နေဂျာ SMIDB)-ဒေါ်အေးအေးမာ၊ ဦးဝင်းအောင် (NGI Co., Ltd.)-ဒေါ်စန်းစန်းခိုင်တို့၏ အစ်ကို၊ သာယာဝတီမြို့နေ ဒေါ်သင်းသင်းအောင်၏ခင်ပွန်း၊ ဦးလူမော်ထွန်း-ဒေါ်ခင်မိမိခက်၊ ဦးတင်ထွန်းနိုင်-ဒေါ်လွင်မာကျော်တို့၏ ဖခင်၊ မောင်မင်းရှင်းသန့်၊ မမြတ်သီရိသူ၊ မောင်လွှမ်းပြည်အောင်တို့၏ အဘိုး၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၂၆-၂-၂၀၁၉ ရက် နံနက် ၁း၄၅ နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၆၄)၊ ခြောက်လွှာ၊ (၁၆၅)လမ်း၊ (လမ်းတို) တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အုံးမြင့် (၆၅)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ဆပ်သွားဖူးလမ်း၊ အမှတ်(၄၅/၁)နေ (ဦးရွှေထွန်းဦး-ဒေါ်ရွှေကူသာ)တို့၏သမီး၊ ဗိုလ်ကြီးအောင်ထွန်းသိန်း (ငြိမ်း၊ ဆလအ)၏ဇနီး၊ ဦးလှမြတ်ဦး(3/E, Fairway Maritime Service)-ဒေါ်မီမီအောင်(ကထိကဟောင်း၊ WYTU)၊ ဦးမောင်မောင် မြတ်သူတို့၏ မိခင်၊ မောင်ဟိန်းသန့်ဇော်(Nurture Pre School)၏အဘောင်ရှင်၊ (ဦးအောင်သန်းထွန်း)-ဒေါ်သန်းမြင့်(ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)တို့၏ညီမ၊ ဦးမြသိန်း (က.ပ.ရ-ငြိမ်း)-ဒေါ်အေးမြ(လ/ထထွေဂျာ-ငြိမ်း၊ က.ပ.ရ)တို့၏အစ်မသည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း (ဟသ်ာတ) အသက် (၆၀)
**ဒု-ဦးစီးမှူး၊ စက်မှုလယ်ယာ**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သပြေလမ်း၊ စက်မှုလယ်ယာဝင်း၊ ရွှေငါးခြံ၊ (၂/၁၀) နေ (ဦးအောင်ခင်-ဒေါ်မြစိန်)တို့၏သား၊ (ဦးဝင်းမောင်-ဒေါ်သိန်းကြည်)တို့၏ သားသမက်၊ ဒေါ်ဝင်းကြည်(အ.လ.ပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကိုကို(လက်ထောက်မန်နေဂျာ၊ သရက်တော၊ CB ဘဏ်)-မသဥ္ဇာနွယ်(ဓာတ်မှန်ဌာန၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ကြည့်မြင်တိုင်)၊ ဒေါက်တာသက်နှင်းထက်(လက်ထောက်ဆရာဝန်၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ မသုမွန်သာ၏ချစ်လှစွာသောဘိုးဘိုးသည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၂၃ နာရီတွင် ခုတင်(၅၀၀)ဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ဦးမောင်ရွှေ
### အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးအောင်ဘ-ဒေါ်စိန်ရှင်)တို့၏ သား၊ (ဒေါ်လှလှ)၏ ခင်ပွန်း၊ အမှတ် (၁၉)၊ ငါးလွှာ(A)၊ ဗဟန်း(၂)လမ်းနေ ဒေါ်လဲ့လဲ့ရွှေ (စာရင်းစစ်မှူး-ငြိမ်း)၊ ဦးတင့်ထူးရွှေ (ဗိုလ်ကြီး၊ တေဇ-၅၊ ငြိမ်း)၊ ဦးမြတ်မင်းရွှေ (ဒလမ-၁၆)(ထုံးလုပ်ငန်း)-ဒေါ်ဆွေဇင်မှူး၊ ဦးလှမော်(မန္တလေး-ဟိုတယ်ဇုန်)၊ ဦးလင်းမင်းသင်းခိုင် (အင်ဂျင်နီယာ၊ ဆီဒိုးနားဟိုတယ်)-ဒေါ်သန္တာရွှေ၊ ဦးတိုးတိုးဝင်း (ဦးစီးအရာရှိ၊ နေပြည်တော်သားဖွားဆေးရုံ)-ဒေါ်ဥမ္မာရွှေ၊ ဦးမြင့်မောင်မောင်တို့၏ မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အမှတ်(၁၉)၊ ငါးလွှာ(A)၊ ဗဟန်း(၂)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ဦး
### အသက် (၇၈) နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ တိုက်(၄၀/၄၄)၊ အခန်း(၂၃)၊ (၅၅)လမ်းနေ (ဦးမောင်လှ-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးတင်အေး၏ ဇနီး၊ ဦးဝင်းမြင့်၏ အစ်မ၊ ဒေါ်စိုးစိုးသန်း၊ ဦးလွင်ဌေး-ဒေါ်မြစန်းခိုင်၊ ဒေါ်ဥမ္မာဝင်း၊ ဒေါ်စန္ဒာဝင်း၊ ဦးကျော်စွာဝင်း-ဒေါ်ဖြိုးသဇင်အောင်တို့၏မိခင်၊ မနှင်းနှင်းအေး၊ မောင်ဝင်းမင်းဇော်၊ မောင်ကျော်ဇင်ဖြိုး၊ မောင်ဖြိုးဟန်ကျော်တို့၏အဘွားသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်အောင်
**ဒုအင်ဂျင်နီယာချုပ်(ငြိမ်း)၊ EPC**
### အသက် (၇၂) နှစ်

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ကန်တော်မွန်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၀၁)နေ ဒေါ်ညိုညိုဝင်း၏ခင်ပွန်း၊ Dr.ငြိမ်းစိုးအောင်-Dr.ဇာခြည်သိန်းဇော်၊ ဗိုလ်မှူးဝင်းဖြိုးအောင်-ဒေါ်သီရိအောင်၊ မဖူးပြည့်အောင်တို့၏ ဖခင်၊ မောင်ဇွဲသန့်ကို၏အဘိုးသည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့်**
**အသက်**
**ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးသာထွန်း (ငြိမ်း)၊ (ကျောက်ဖြူမြို့)
**ကြည်း-၅၈၀၆၊ OTS (3)**
**Myanmar and Mons officer Cadet School, Aldershot, UK**
**မြန်မာ့ဆားလုပ်ငန်း၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**
### အသက် (၉၆) နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးစောဦး-ဒေါ်အိမ်ချမ်းသာ)တို့၏ တစ်ဦးတည်းသောသား၊ [ဒေါ်ကြူးရင်(ခ)ဒေါ်ဘုဒ္ဒီ]၏ခင်ပွန်း၊ ဒေါ်သဇင်သာထွန်း-[ဒုတိယ ဗိုလ်မှူးကြီးအောင်ချစ်(ရေ-ငြိမ်း)]၊ ဒေါ်ဆွေဆွေသာထွန်း-ဦးအောင်ဘကြူး၊ ဦးမောင်မောင်သာထွန်း-ဒေါ်မီမီခိုင်၊ ဒေါ်ကြည်ကြည်သာထွန်း(ခ)ဒေါ်ချယ်ရီသာထွန်း၊ ဒေါက်တာစုစုသာထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ရန်ကုန်မြို့ ကန်သာယာနလုံးနှင့် ကျောက်ကပ်အထူး ကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (ကျောက်ဖြူအသင်း-ရန်ကုန်၊ ရန်ကင်းတိုက်-၂၇၄၊ အခန်း-၁၊ အရှေ့ရန်ကင်းနှင့် အသင်းရုံးခန်းကျောက်မြောင်းတို့မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ မဥ္ဇူလမ်း၊ အောင်ချမ်းသာတိုးချဲ့ (၂)ရပ်ကွက်၊ သန်လျင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်စိန်
**ရွှေမီနီစတိုး၊ ရွှေမြို့တော်စတိုး၊ ရိုးမရှိုင်းရယ် ဟိုတယ်ပိုင်ရှင်**
### အသက် (၉၂) နှစ်

ပြည်မြို့ လမ်းမတော်လမ်း၊ အမှတ်(၃၇၈/က)နေ (ဒေါ်စောကျင်)၏ ချစ်လှစွာသောခင်ပွန်း၊ သားသမီး ရှစ်ယောက်တို့၏ဖခင်၊ မြေး ၁၅ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးမောင်မောင်စိန်သည် ၂၆-၂-၂၀၁၉ ရက် နံနက် ၉း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် လမ်းမတော်လမ်း၊ ရွှေမီနီစတိုးနေအိမ်မှ အေးငြိမ်းရာ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း ဒါယကာကြီး**
## ဦးကောက်
**(အမှတ်-၃၊ သစ်စက်)**
### အသက်(၉၁)နှစ်

ရန်ကုန်မြို့ တာမွေကြီး(၁)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၃)၊ ငါးလွှာ(A)နေ (ဦးစံငါး-ဒေါ်သင်းလှိုင်)တို့၏ သား၊ (ဦးဖေစိန်-ဒေါ်လီမာ)တို့၏ သားသမက်၊ ဦးတင်သိန်း-ဒေါ်ချိုချို၊ ဦးမြင့်သန်း-ဒေါ်နီလာဦး၊ (ဦးထွန်းမင်း)၊ ဦးထွန်းလင်း-ဒေါ်သီသီနိုင်၊ ဒေါ်ချိုချိုမာ၊ ဒေါ်ချိုချိုလွင်၊ ဦးဌေးနိုင်ဦး-ဒေါ်ချိုချိုအေးတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုး၊ ဒေါ်ခင်ညွန့်၏ ခင်ပွန်းသည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## နော်အမီးလယာ(ခ)ဒေါ်အေမီ
### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊နေဖြူမြို့နယ်၊ကမ်းငူလေးကျေးရွာနေ (သိက္ခာတော်ရဆရာ စောလူးသာ-ဒေါ်မလေး)တို့၏ သမီး၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ (ဦးဘဂျမ်း-ဒေါ်သန်းစိန်)တို့၏ သမီးချွေးမ၊ [နော်ဖန်းလူးသာ-ဒုတိယဗိုလ်မှူးကြီး စောတိုင်းလုံးကျော်မြ-ငြိမ်း]တို့၏ ညီမ၊ သိက္ခာတော်ရဆရာစောရွှေလင်း-နော်သက်သက်ဟန်၊ စောကျော်တင် (မျိုးဆေးသုတ်လုပ်ငန်းကုမ္ပဏီ)-မကြူကြူလှိုင်၊ တပ်ကြပ်ကြီး စောနေထွန်း(ပြင်ဦးလွင်)တို့၏ မိခင်၊ နော်မာရီယာမူကပေါ်၊ စောဘားနဘ(စ်)သတိုထူး၊ မယွန်းရွှေရည်၊ မအင်ကြင်းဦးတို့၏အဘွား၊ (ဗိုလ်မှူးစောထွန်းတင်-ငြိမ်း)၏ ချစ်လှစွာသောဇနီး နော်အမီးလယာ(ခ)ဒေါ်အေမီသည် ၂၆-၂-၂၀၁၉ ရက် နံနက် ၉း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သောဝတ်ကို အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်းရှိ နံ့သာကုန်း ကရင်နှစ်ခြင်းအသင်းတော်၌ ၂၈-၂-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး မြေသို့အပ်နှံခြင်းအစီအစဉ်ကို ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအုန်းချိန်
**လက်ထောက်ကထိက၊ ဗ.န.တ-ငြိမ်း**
### အသက် (၇၃) နှစ်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၆/၁၄)ရပ်ကွက်၊ မော်လမြိုင်လမ်း၊ အမှတ်(၁၃၇)နေ (ဦးနု-ဒေါ်စိန်ထား)တို့၏သား၊ (ဦးကျောက်စိမ်း-ဒေါ်ကင်းညွန့်)တို့၏ သားသမက်၊ ဒေါ်ညိမ်းမြင့်ချိန်(မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊ ဗိုလ်မှူးမင်းဟိန်းမြင့်ချိန်-ဗိုလ်ကြီးသီရိတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း ဦးအုန်းချိန်သည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၁၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစန်းလွင် (ခ) ဦးတိုနီ (သန်လျင်)
**B.E (Mechanical), (Chief Engineer)**
### အသက် (၆၈) နှစ်

သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၄၄)နေ (ဦးအောင်သိန်း-ဒေါ်အေးရွှေ)တို့၏သား၊ (ဦးလှမြင့်-ဒေါ်တင်အေး)တို့၏ သား သမက်၊ ဦးငွေညွှန့်-ဒေါ်သန်းသန်းမြင့်၊ ဦးညွှန့်လွင်-ဒေါ်ကြည်ကြည်ခိုင်၊ ဦးမြတ်တိုး-ဒေါ်မြင့်မြင့်သိန်း၊ (ဦးသက်လွင်-ဒေါ်ခင်ချစ်)တို့၏ညီ/မောင်၊ ဒေါ်ခိုင်မာမြင့် ၏ခင်ပွန်း၊ (မဆုမြတ်လွင်)၊ မဝင့်ရီလွင်၊ မငုဝါလွင်တို့၏ကျေးဇူးရှင်မွေးသဖခင်သည် ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ရေး အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာ စာချုပ်ဝင်နိုင်ငံအားလုံးသို့ ပေးပို့ရန် ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ရေးအတွက် အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံအားလုံးသို့ ပေးပို့ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် စာချုပ်အသက်ဝင်ကြောင်း အသိပေးအကြောင်းကြားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလဆန်းပိုင်းမှစ၍ သဘောတူစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဘာသာရပ်ဆိုင်ရာဌာနများနှင့် အစည်းအဝေးများကျင်းပပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ "တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်" မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဖင်းရှင်း ဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အငြင်းပွားမှုများကို အခြားနည်းဖြင့် ဖြေရှင်းခြင်းနည်းစနစ်သည် ကမ္ဘာ့နိုင်ငံအများအပြားတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ကျင့်သုံးခဲ့ပြီး ယင်းစနစ်သည် နိုင်ငံရှိ အများပြည်သူအတွက် တရားမျှတမှု လက်လှမ်းမီရေးအတွက်သာမက စီးပွားရေးအခွင့်အလမ်းများအတွက်ပါ အရေးပါသော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့သည်လည်း အငြင်းပွားမှုများကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသည့်ဓလေ့ထုံးစံဖြင့် ရင်းနှီးကျွမ်းဝင်ပြီးကြသူများဖြစ်သည့်အားလျော်စွာ တရားမမှုခင်းများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

# AFC Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရှမ်းယူနိုက်တက် ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပထမနေ့ပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**(သုဝဏ္ဏကွင်း)**

**တမ်ပနိစ်ရိုဗာ (စင်ကာပူ) - သုံးဂိုး**

**ရန်ကုန် (မြန်မာ) - တစ်ဂိုး**

ရန်ကုန်အသင်းသည် အိမ်ကွင်း၌ကစားရသော်လည်း ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရန်ကုန်အသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း အနိုင်ရလဒ်ကိုမထိန်းနိုင်ဘဲ ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးလိုက်ရသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



ရန်ကုန်အသင်းနှင့် တမ်ပနိစ်ရိုဗာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။


